# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily



**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဉ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)



၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက် | ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီ ၈ ရက်၊ စနေနေ့ | အတွဲ (၆၄)၊ အမှတ် (၃၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှု သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီးနှင့် မောင်အိုအုတ်လမ်း ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လောကသရဖူဘုရားကြီးသို့

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။




မြန်မာ့အလင်း

# ပြည့်အင်အားဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းတည်ဆောက်၊ ကာကွယ်စောင့်ရှောက်

သမဂ္ဂါနံ တပေါ သုခေါ – ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်းဖြစ်သည်ဟု ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့သည်။ လူဆိုသည်မှာ အဖွဲ့အစည်း၊ အသင်းအပင်း၊ အစုအဝေးနှင့်သာ ရှင်သန်နေထိုင်တတ်သည့် သတ္တဝါဖြစ်ရာ စည်းလုံးညီညွတ်ခြင်းမှာ လွန်စွာအရေးကြီးသည်။ စည်းလုံးညီညွတ်ခြင်းမှာ ချမ်းသာခြင်းဖြစ်ရာ စည်းလုံးညီညွတ်မှုပျက်ယွင်းသည့်အခါတွင် ချမ်းသာခြင်းလည်း ပျက်ယွင်းကြရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းရင်းသားခေါင်းဆောင်များမှာ စည်းလုံးညီညွတ်မှုကို ဦးစွာတည်ဆောက်ခဲ့ကြရသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလ ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်းတစ်ရပ်တွင် "မိမိ၏ အမျိုးသားကိစ္စကိုသာမက၊ လူတစ်မျိုးနှင့်တစ်မျိုး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံနည်းလမ်းတကျ ပူးပေါင်းဆက်ဆံကြခြင်းကိုလည်း ကျွန်ုပ်တို့ သတိမူရပေလိမ့်မည်။ ထိုသို့ ပူးပေါင်းဆက်ဆံဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့ အသီးသီးတို့၏ အကျိုးယုတ်ဖို့ဝေးစွ။ အမျိုးမျိုးသော အကျိုးထူးများ ခံစားရန်ပင်ရှိသည်ဟု ဆိုလိုပေသည်" ဟု ထည့်သွင်းပြောကြားခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံကို ပြည်ထောင်စုနိုင်ငံအဖြစ် ထူထောင်ရုံသာမက မျက်မှောက်ကာလ အာဆီယံနိုင်ငံများအဖွဲ့ဝင်နိုင်ငံအချို့နှင့်ပူးပေါင်းကာ "အင်ဒိုချိုင်းနားပြည်ထောင်စု" ဟူ၍ တည်ထောင်ကောင်းတည်ထောင်နိုင်ရန်အထိ မျှော်တွေးခဲ့သည်။

ယနေ့ကမ္ဘာပေါ်တွင် ပြည်ထောင်စုစနစ် အမျိုးမျိုးဖြင့် ဖွဲ့စည်းတည်ထောင်နိုင်သော နိုင်ငံများစွာရှိသည်။ ထို့အပြင် ပြည်နယ်များနှင့် စုပေါင်းဖွဲ့စည်းထားသော်လည်း ပြည်ထောင်စုဟူ၍ အမည်ခံမထားသည့် နိုင်ငံများလည်းရှိသည်။ ကမ္ဘာ့နိုင်ငံတိုင်းမှာ လူမျိုးတစ်မျိုးတည်း နေထိုင်သော နိုင်ငံဟူ၍မရှိ။ အမေရိကန်ပြည်ထောင်စုဆိုလျှင် ကမ္ဘာအရပ်ရပ်မှ လာရောက်အခြေချ နေထိုင်ကြသူများက အများစုဖြစ်ပြီး ဌာနေတိုင်းရင်းသားက အနည်းစုမျှသာရှိနေသည်။ စည်းလုံးညီညွတ်ခြင်းသည် အင်အားကို ခိုင်မာတောင့်တင်းစေပြီး ချမ်းသာခြင်းကိုလည်းဖြစ်စေရာ မျက်မှောက်ကာလ အင်အားကြီးနိုင်ငံများကို ကြည့်ပါက စည်းလုံးညီညွတ်စွာဖြင့် အခိုင်အမာတည်ဆောက်ထားသည့် ပြည်ထောင်စုနိုင်ငံများသာဖြစ်သည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာပေါ်တွင်လွတ်လပ်၍ အချုပ်အခြာအာဏာပိုင်သော နိုင်ငံများအဖြစ် ရပ်တည်ကြရာတွင် အပြိုင်အဆိုင်ရပ်တည်ကြရခြင်းဖြစ်သည်။ နိုင်ငံ၏နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ ကာကွယ်ရေးအင်အားတို့ကို အခိုင်အမာတည်ဆောက်ပြီး ကိုယ့်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ကြရခြင်း ဖြစ်သည်။ အဆိုပါ အား(၃) အား ခိုင်မာတောင့်တင်းသည့်နိုင်ငံများက နိုင်ငံတကာအလယ်တွင် ပခုံးချင်းယှဉ်နိုင်ရုံမက ခေါင်းမော့ရင်ကော့၍ ရပ်တည်နေနိုင်သည်။ နိုင်ငံသူနိုင်ငံသားတို့လည်း သွားလေရာနိုင်ငံတိုင်းမှာ မျက်နှာပန်းလှသည်။ အားအင်ချည့်နဲ့သည့် နိုင်ငံမျိုးမှာမူ တူတူတန်တန်ဆက်ဆံခြင်းမခံရ။ လူမလေး ခွေးမခန့် ဟု ဆိုသည့်နှယ်ပင် နှိမ်ချဆက်ဆံခံရမည်ဖြစ်သည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဟူသော စကားနှင့်အညီ တိုင်းပြည်ကို ပြည်တွင်းအင်အားဖြင့်သာ တည်ဆောက်ကြရသော်လည်း မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏ အခြေအနေမှာ တည်ဆောက်ရေးကို မလုပ်နိုင်ဘဲ တိုင်းဖျက်ပြည်ဖျက်ရန်ကို ပြည့်အင်အားဖြင့် ကာကွယ်နေကြရသည်။ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန် အခွင့်အလမ်းများ ရှိနေပါလျက် လက်နက်ကိုင်နည်းလမ်းကို ကျင့်သုံးနေကြခြင်းကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အရင်းအမြစ်များစွာ ပျက်စီးဆုံးရှုံးနေရသည်။ ယင်းအနက် နှမြောဖွယ်၊ ဝမ်းနည်းဖွယ် အကောင်းဆုံးမှာ လူသားအရင်းအမြစ်များ ဆုံးရှုံးရခြင်းပင်ဖြစ်သည်။ စည်းလုံးညီညွတ်မှု ပျက်ပြားရာမှ ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခများ အပေါ်တွင် သံဝေဂယူနိုင်ကြဖို့ အချိန်အခါ ကျရောက်နေပြီဖြစ်သည်။

လွန်ခဲ့သော (၇၈) နှစ်က မိမိတို့၏ ဘိုးဘွားများ စည်းလုံးညီညွတ်မှုကို ပြသ၍ရယူခဲ့သော မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် စည်းလုံးညီညွတ်စွာ ကာကွယ်စောင့်ရှောက်ခဲ့ကြသကဲ့သို့ အနာဂတ်တွင်လည်း စည်းလုံးညီညွတ်မှုဖြင့် ဆက်လက်ကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း နိုင်ငံ၏အား (၃) အားကို ပြည်တွင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းတည်ဆောက်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သော မျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဖော်ဆောင်ပေးရေး။




## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးမင်းဟိန်းအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦးအား အမြဲတမ်းအတွင်းဝန်/ ညွှန်ကြားရေးမှူးချုပ် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။


မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | – | စိုးစိုးနိုင် | သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းမှူး | – | မြင့်စိုး | အကြီးတန်း | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | – | ဝင်းကျော်၊ ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | – | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | – | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | – | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်–စာတည်းမှူး ၀၆၇–၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၄၅၊ ဖက်စ် ၀၆၇–၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅၄၄၃၀၉၊ မန်နေဂျာ ၀၁–၅၄၄၃၁၄၊ စီမံ ၀၁–၅၄၄၃၁၅၊ ငွေစာရင်း ၀၁–၅၄၄၃၁၆၊ ကြော်ငြာ ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ Fax ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ Fax ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် – (၀၁၀၉၃)

ပုံနှိပ်ခြင်းအမှတ် – (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS


MYANMAR Digital News
Presented by NPE
www.mdn.gov.mm





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ လောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်စဉ်။

❖ *ရှေ့ဖုံးမှ*

ရောက်ရှိကြပြီး အုတ်ပြာသာဒ်တော်အတွင်းရှိ လောကသရဖူရုပ်ပွားတော်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်သည်။ ထို့နောက် ဘုရားကြီး အတွင်းအပြင်နှင့် လောကသရဖူ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင် တည်ထားပူဇော်သည့် မဟာလောကသင်းကျစ်စေတီတော်ကြီးတို့အား လက်ယာရစ် လှည့်လည်ပူဇော်ပြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လောကသရဖူဘုရားကြီးနှင့် မဟာလောကသင်းကျစ် စေတီတော်ကြီးတို့၏ သမိုင်းအကျဉ်းနှင့် ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာလောကသင်းကျစ်စေတီတော်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

**လိုအပ်သည်များမှာကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီး၏ အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလ ကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက် ပြန်လည်မွမ်းမံသွားရန် လိုကြောင်း၊ ဘုရားကြီးရင်ပြင်တော် မျက်နှာပြင်ညီညာမှုရှိစေရေးနှင့် ရေဝင်ရေထွက်ကောင်းမွန်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ပြန်လည် သုတေသနပြု၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ရှေးဟောင်းသာသနိက အဆောက်အအုံများကိုလည်း စနစ်တကျဖြင့် ထိန်းသိမ်း စောင့်ရှောက်သွားရန် လိုကြောင်း၊ ဘုရားကြီးပတ်လည်ရှိ ဆွမ်းလောင်းစောင်းတန်းများကိုလည်း မူလလက်ရာမပျက် ပြန်လည်ပြုပြင်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်သွားရန်လိုပြီး ရှေးဟောင်းလက်ရာနှင့်ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဘုရားကြီးနှင့် သာသနိကအဆောက်အအုံများအား နေ့ညမပျက် ဆီမီးပူဇော်နိုင်ရေးအတွက်လည်း ဆိုလာလျှပ်စစ်မီးဆက်ကပ်ပူဇော်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဘုရားကြီးအတွက် ဘက်စုံအလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူစဉ်။

**ပေးအပ်လှူဒါန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားကြီးဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပူဇော်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဘုရားကြီးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဓမ္မလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

**တည်ထားကိုးကွယ်**

အဆိုပါ လောကသရဖူဘုရားကြီးအား ဒုတိယအင်းဝခေတ် ညောင်ရမ်းမင်းဆက် ၉ ဆက်မြောက်ဖြစ်သော ဆင်ဖြူရှင် တနင်္ဂနွေမင်းကြီးက အေဒီ ၁၇၃၀၊ သက္ကရာဇ် ၁၀၉၂ ခုနှစ်တွင် စတင်တည်ထားပြီး မပြီးစီးမီ နတ်စွာစံခဲ့သဖြင့် သားတော် မဟာဓမ္မရာဇာဓိပတိကြာသပတေးမင်း ဟံသာဝတီရောက်မင်းက အေဒီ ၁၇၃၃၊ သက္ကရာဇ် ၁၀၉၅ ခုနှစ်တွင် ဆက်လက်ထုလုပ်ခဲ့ကာ အုတ်ပြာသာဒ်ဖြင့် တည်ထားကိုးကွယ်ခဲ့ကြောင်း၊ လောကသရဖူ ရုပ်ပွားတော်ကြီးသည် တစ်တုံးတည်းသော စကျင်ကျောက်သားကြီးကို မြေအောက်တစ်ဝက်၊ မြေပေါ်တစ်ဝက် စိုက်ထူထုဆစ်ပူဇော်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော်အမြင့်မှာ ၁၈ တောင် ၁ မိုက်၊ တင်ပျဉ်ခွေတော်အကျယ် ၁၂ တောင် ၁ မိုက်ဖြစ်ပြီး အလေးချိန်အားဖြင့် ၄၉၀ ဒသမ ၃၆ တန်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

**❖ ဘုရားကြီး၏ အတွင်းဘက်နံရံများပေါ်ရှိ မှန်စီရွှေချများသည် ခေတ်ကာလကြာမြင့်ပြီဖြစ်ပြီး ယိုယွင်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် မူလလက်ရာမပျက် ပြန်လည်မွမ်းမံသွားရန်လို၊ ဘုရားကြီးရင်ပြင်တော် မျက်နှာပြင်ညီညာမှုရှိစေရေးနှင့် ရေဝင်ရေထွက်ကောင်းမွန်ကာ ရေရှည်တည်တံ့ခိုင်မြဲစေရေး စနစ်တကျ ပြန်လည်သုတေသနပြု၍ ဆောင်ရွက်သွားရန်လို**

*စာမျက်နှာ ၃ မှ*

လောကသရဖူ ရုပ်ပွားတော်မြတ်ကြီး ကိန်းဝပ်စံပယ်ရာ အုတ်ပြာသာဒ်၏ အနောက်ဘက်ကပ်လျက်တွင် မဟာလောကသင်းကျစ်ဟူ၍ စေတီတော်တစ်ဆူကို တည်ထား ကိုးကွယ်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၁၄၀ ပြည့်နှစ်တွင် ကုန်းဘောင်မင်းဆက် ဖြစ်သော စဉ့်ကူးမင်းက စေတီတော်ကိုငုံ၍ ထပ်မံ တည်ဆောက်ပူဇော်ခဲ့ပြီး ဘိုးတော်ဘုရား၏ သားတော် ပခန်းမင်းသား ဟံသာဝတီမင်းနှင့် ပုဂံမင်းတို့ကလည်း ပြုပြင်ခဲ့ကြကြောင်း၊ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ငလျင်ကြီးလှုပ်ခဲ့သဖြင့် မဟာလောကသင်းကျစ်စေတီတော်နှင့် လောကသရဖူရုပ်ပွားတော်ကြီးစံပယ်ရာ အုတ်ပြာသာဒ်တော်တို့ မြေခဲ့ရပြီး မင်းတုန်းမင်းက ပြန်လည် ပြုပြင်တည်ဆောက်ခဲ့သော်လည်း မပြီးမပြတ်နိုင်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအတိုင်း ဖူးတွေ့ရသည်မှာ စစ်ကိုင်းတောင်ရိုး ဒီပါအေးမြချောင် ဆရာတော် ဦးနန္ဒာသီရိက သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ပြန်လည်ပြုပြင်တည်ဆောက် ပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ခေတ်အဆက်ဆက် တာဝန်ရှိသူများက ဆက်လက် မွမ်းမံပြုပြင်ထိန်းသိမ်းခဲ့ကြခြင်း ဖြစ်ကြောင်း သိရှိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တံတားဦး – အင်းဝ လမ်းပိုင်းရှိ မဟာဇေယျပထ – မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းဝမြို့ဟောင်းရှိ မြို့ရိုးနှင့် ကျုံးတို့အား ကြည့်ရှုစစ်ဆေးပြီး မြို့နေရာနှင့် မြို့ရိုးတို့အား စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်မှုများ ပြုလုပ်ရေးနှင့် ကျုံးအား ရှေးမူမပျက်မွမ်းမံ၍ ပြန်လည်ထိန်းသိမ်းရန် လိုအပ်မှုအခြေအနေများနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

**ပြုပြင်ထိန်းသိမ်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တံတားဦး – အင်းဝ လမ်းပိုင်းရှိ မဟာဇေယျပထ– မောင်အိုတံတားနှင့် အုတ်လမ်းအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် တံတားအား ရှေးမူလလက်ရာအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းမွမ်းမံနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်မည်ဆိုပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုး – အပြစ်များအား စနစ်တကျ သုတေသနပြုလုပ်၍ တင်ပြသွားရန်၊ မူလအုတ်လမ်းအား သုတေသနပြုလုပ်ရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ပြီး လမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘင်္ဂလားဒေ့ရှ် သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သည် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး ဒေါက်တာ မိုဟာမက် မွန်(န)ဝါဟူစိန် အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ပိုမိုနီးကပ်သည့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးအပါအဝင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာရေးနည်းလမ်းများကို အမြင်ချင်း ဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်နိုင်ရေး အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ မန္တလေးတိုင်းဒေသကြီးအတွင်း တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ



**နေပြည်တော် ဖေဖော်ဝါရီ ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးမြင့်ဦးနှင့် ဦးသန်းအောင်ကျော်တို့သည် ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တွဲဖက်တာဝန်ချထားသည့် ဝန်ထမ်းများကို မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦးက ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းပြုစုရာတွင် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီမှ ပေးပို့ထားရှိသော လူဦးရေစာရင်းများ ပိုမိုပြည့်စုံမှန်ကန်အောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ လုပ်ငန်းဆောင်ရွက်မှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်ဦးက ရှမ်းပြည်နယ် (မြောက်ပိုင်း) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ အတွင်းရေးမှူးများ၊ ဝန်ထမ်းများအား အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းများ၏ အခက်အခဲများကို မေးမြန်း၍ လိုအပ်သည်များကို ဖြည့်ဆည်းထောက်ပံ့ပေးခဲ့ပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန https://www.mod.gov.mm
၂။ ဥပဒေရေးရာဝန်ကြီးဌာန https://www.mlis.gov.mm
၃။ ပြန်ကြားရေးဝန်ကြီးဌာန https://www.moi.gov.mm
၄။ Myawady Webportal https://myawady.net.mm
၅။ Myanmar National Portal https://myanmar.gov.mm

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# (၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ တက်ရောက်

**တောင်ကြီး ဖေဖော်ဝါရီ ၇**

(၇၈)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ အဝေရာ မီးပုံးပျံကွင်း၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ တက်ရောက်ကြသည်။




**မိန့်ခွန်းပြောကြား**

အခမ်းအနားတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဖတ်ကြားပြီး**(အပေါ်ယာပုံ)**ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ မိန့်ခွန်းပြောကြားသည်။

ထို့နောက် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ပြခန်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များဖြစ်သည့် ပိုးရယ်အောင်သိန်း၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ခွန်သန့်ဇော်ထူး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဧည့်သည်တော်များက တိုင်းရင်းသားရိုးရာ အစားအစာပြခန်းများ၊ ဌာနဆိုင်ရာပြခန်းများ၊ MSME ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များသည် မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၈) နှစ်မြောက် ရှမ်းပြည်နယ်နေ့ ဂုဏ်ထူးဆောင်လက်မှတ်ရရှိသူများအား ဂုဏ်ထူးဆောင်ဆု ချီးမြှင့်ပွဲသို့ တက်ရောက်ပြီး စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ရရှိသူ ၄၄ ဦးနှင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိသူ ၁၂ ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည်နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ဝန်ထမ်းများနှင့် ပြည်သူများအတွက် ဆိုလာနှင့် အခြေခံစားသောက်ကုန် စုစုပေါင်း တန်ဖိုး ၅၃ သန်းကို လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး JengPhang နော်တောင်က အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနက ပေးအပ်သည့် ရှမ်းပြည်အားကစားဖွံ့ဖြိုး တိုးတက်ရေးအတွက် အားကစားပစ္စည်းများကို လည်းကောင်း ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က လက်ခံရယူကြသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်)၊ မွေးမြူရေးထူးချွန်ဆု (ပထမအဆင့်၊ တတိယအဆင့်)နှင့် လူမှုထူးချွန် (ပထမအဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လူမှုထူးချွန် (ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့်) ဆုရရှိသူများကို လည်းကောင်း၊ အားကစားထူးချွန်ဆု (တတိယအဆင့်) ရရှိသူများ၊ တာဝန်ထမ်းဆောင်ရာတွင် ပြည်နယ်ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် ဌာန၊ အဖွဲ့အစည်းများကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

ကျောင်းသားလူငယ်များ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေရန် ရည်ရွယ်ပြီး (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ရှိ စုပေါင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲသို့ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ (ဌာနမှူး)များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်က ပြည်ထောင်စုနေ့ အထိမ်းအမှတ်ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာဇော်ဝင်းက "စာပေများကပြောသော မျိုးချစ်စိတ်ဓာတ်" ခေါင်းစဉ်ဖြင့် စာပေများတွင် ဖော်ညွှန်းထားသော အရေးအဖွဲ့များကို သာဓကပြု၍ တိုင်းပြည်နှင့် လူမျိုးအကျိုးထာဝစဉ်သယ်ပိုးတတ်စေရန်၊ ပြည်ထောင်စုအစွန့်ရှည် တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်တို့ဖြင့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံး လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရမည့် ကိစ္စရပ်များကို ဆွေးနွေးဟောပြောခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

# ၁၉၄၇ ခုနှစ်၊ ပင်လုံစာချုပ်

ဦးမျိုးချစ်

လွန်ခဲ့သော ၇၈ နှစ်ခန့်က မြန်မာတစ်နိုင်ငံလုံး လွတ်လပ်ရေးရရှိရေး၊ တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်စွာ ကြိုးစားမှုကြောင့် ဗြိတိသျှအစိုးရက လွတ်လပ်ရေးပေးရန် သဘောတူပြီး အောင်ဆန်း– အက်တလီစာချုပ်ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ ညနေ ၃ နာရီခွဲအချိန်တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

အောင်ဆန်း – အက်တလီစာချုပ်တွင် စာပိုဒ်တစ်ပိုဒ်ပါလာသည်။ ပင်လုံအစည်းအဝေး သို့မဟုတ် အထူးကွန်ဖရင့်အစည်းအဝေးပြီးဆုံးပါက တောင်တန်းဒေသတို့က ပြည်မနှင့်အတူ လွတ်လပ်ရေးရယူလိုသော သဘောထားတူညီမှသာ တစ်နိုင်ငံလုံးကို လွတ်လပ်ရေးပေးမည်ဟု ပါရှိသည်။ ပင်လုံအစည်းအဝေးမတိုင်မီ ဗိုလ်ချုပ်အောင်ဆန်းက ဤသို့မိန့်ကြားခဲ့သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ **“ပင်လုံစာချုပ်”** ချုပ်ဆိုခြင်း မပြုမီည၌ နယ်စပ်ဒေသခေါင်းဆောင်များအား ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားချက်မှာ –

**“တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းတို့က တခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး၊စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မည်။ လုပ်ကြည့်မှလဲ အကျိုးရှိကြောင်းသိနိုင်တယ်။ ပထမ ကျွန်တော်တို့ အဆင်းရဲခံရမယ်။ ယခုအခါ အင်္ဂလန်ပြည်မှာ အစားအသောက်၊ အဝတ်အထည်များမှစ၍ အတော်ချွေတာပြီး အဆင်းရဲခံနေကြတယ်။ ဒါဘာလဲဆိုရင် တစ်ပြည်လုံးအတွက် အကျိုးရှိအောင် လုပ်နေကြခြင်းဖြစ်တာပဲ။ သူတို့လုပ်နည်းက ပထမအဆင်းရဲခံပြီး နောင်အကောင်အထည်ပေါ်ပြီး အကျိုးရှိမှာ သေချာပေါက်ဖြစ်နေတယ်”** ဟူ၍ ဖြစ်သည်။

အလွန်မှတ်သားလိုက်နာသင့်သော မိန့်ခွန်းဖြစ်သည်။

၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းသားကိုယ်စားလှယ် ၂၃ ဦးတို့ ပြည်မနှင့်ပူးပေါင်းရန်သဘောတူသော ပင်လုံစာချုပ်ကြီးကို ရှမ်းပြည်နယ် ပင်လုံမြေတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ပင်လုံစာချုပ်ကြောင့်ပင် မြန်မာနိုင်ငံသည် တောင်တန်းပြည်မ အတူတကွ လွတ်လပ်ရေးကို ရရှိခံစားခွင့်ရခဲ့သည်။

ပင်လုံအစည်းအဝေး၊ ပင်လုံညီလာခံသည် တိုင်းပြည်၏အနာဂတ်ကို အဆုံးအဖြတ်ပေးခဲ့သည်။

ဖတ်ရှုလေ့လာနိုင်ရန် **“၁၉၄၇ ခုနှစ် ပင်လုံစာချုပ်”** ကို ဖော်ပြအပ်ပါသည် –





၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်က ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်ကြီးများ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးစဉ်။

“မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင်ကောင်စီမှ အဖွဲ့ဝင်အချို့နှင့် စပ်ဖများအားလုံးတို့အပြင် ရှမ်းပြည်နယ်များ၊ ကချင်ပြည်နယ် တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသတို့မှ ကိုယ်စားလှယ်များ တက်ရောက်သော ပင်လုံမြို့တွင် ကျင်းပသည့် အစည်းအဝေးကြီးတစ်ရပ်တွင် –

ကြားဖြတ် မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းခြင်းအားဖြင့် ရှမ်းပြည်၊ ကချင်နှင့်ချင်းတို့သည် လွတ်လပ်ရေးကို ပိုမို၍ လျင်မြန်စွာ ရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူအဖွဲ့တို့က ယုံကြည်ကြသည့်အတိုင်း အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်တို့သည် ကန့်ကွက်သူမရှိဘဲ အောက်ပါအတိုင်း သဘောတူကြလေသည် –

၁။ တောင်တန်းသားများ စည်းလုံးညီညွတ်ရေးအဖွဲ့ (တ–စ–ည–ဖ)၏ ကြိုးကိုင်အဖွဲ့ ကိုယ်စားလှယ်များက ထောက်ခံချက်အရ တောင်တန်းသားများ၏ ကိုယ်စားလှယ်တစ်ဦးကို ဘုရင်ခံက ရွေးချယ်၍ နယ်စပ်ဒေသများ ကိစ္စနှင့်ပတ်သက်၍ ဆောင်ရွက်ရန်အတွက် ဘုရင်ခံ၏ အတိုင်ပင်ခံပုဂ္ဂိုလ်အဖြစ် ခန့်ထားရမည်။

၂။ ဤအတိုင်ပင်ခံပုဂ္ဂိုလ်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီတွင် ဌာနလက်ကိုင်မရှိ၊ ကောင်စီဝင်တစ်ဦးအဖြစ် ခန့်ထား၍ ကာကွယ်ရေးနှင့် ပြည်ပကိစ္စရပ်များတွင် ထုံးနည်းဥပဒေအရ အမှုဆောင်ကောင်စီ၏ အာဏာစက်အောက်သို့ ရောက်ရှိသည့်နည်းတူ နယ်စပ်ဒေသများကိုလည်း အမှုဆောင်ကောင်စီ၏ အာဏာစက်အောက်သို့ ရောက်ရှိစေရမည်။ ဤနည်းလမ်းများအတိုင်း နယ်စပ်ဒေသဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်အား အုပ်ချုပ်ခွင့်အာဏာကို ပေးအပ်ရမည်။

၃။ အဆိုပါ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ၎င်းလူမျိုးချင်းမတူသော ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ် နှစ်ဦးက ကူညီစေရမည်။ ရှေးဦးစွာ ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ် နှစ်ဦးတို့သည် ၎င်းတို့အသီးသီး သက်ဆိုင်သည့်နယ်များ၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်ဖြစ်၍ အတိုင်ပင်ခံပုဂ္ဂိုလ်မှာ အခြားနယ်စပ်ဒေသအားလုံးတို့၏ ကိစ္စရပ်များကို ဆောင်ရွက်ရန်လည်းဖြစ်သည်။ ၎င်းတို့သည် ထုံးနည်းဥပဒေအရ တွဲဖက်တာဝန်ယူရသည့်မှုအတိုင်း ဆောင်ရွက်စေရမည်။

၄။ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အမှုဆောင်ကောင်စီတွင် အဖွဲ့ဝင်လူကြီးအနေဖြင့် နယ်စပ်ဒေသများ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်အဖြစ် ပါဝင်ရမည်ဖြစ်သော်လည်း ဒုတိယအတိုင်ပင်ခံ ပုဂ္ဂိုလ်များသည် နယ်စပ်ဒေသများနှင့် သက်ဆိုင်သော ကိစ္စရပ်များကို ဆွေးနွေးကြသည့်အခါ အမှုဆောင်ကောင်စီတွင် တက်ရောက်နိုင်ခွင့် ရှိစေရမည်။

၅။ အထက်တွင် သဘောတူညီသည့်အတိုင်း ဘုရင်ခံ၏ အမှုဆောင်ကောင်စီကို တိုးချဲ့မည်ဖြစ်သော်လည်း နယ်စပ်ဒေသများ၏ နယ်တွင်းအုပ်ချုပ်ရေးတွင် ယခုခံစားရသော ကိုယ်ပိုင်အုပ်ချုပ်ရေးကို မည်သည့်နည်းနှင့်မဆို တစ်စုံတစ်ရာ လက်လွတ်စေရန် အဆိုပါကောင်စီက ပြုလုပ်ခြင်းမရှိစေရ နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့် ရှိစေရမည်ဟူသောမှုကို သဘောတူညီကြသည်။

၆။ ပူးပေါင်းထားပြီးသည့် မြန်မာပြည်အတွင်း သီးသန့်ကချင်ပြည်နယ်တစ်ခု နယ်နိမိတ်သတ်မှတ်၍ တည်ထောင်ရန်ပြဿနာမှာ တိုင်းပြည်ပြုလွှတ်တော်က ဆုံးဖြတ်ရန်ဖြစ်သော်လည်း ဤကဲ့သို့ သီးခြားပြည်နယ်တစ်ခုထားရှိသင့်ကြောင်းကို သဘောတူညီကြသည်။ ဤရည်ရွယ်ချက်အထမြောက်ရန်အလို့ငှာ ပထမခြေလှမ်းအနေဖြင့် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံတော်အစိုးရ အက်ဥပဒေအရ နောက်ဆက်တွဲ စာရင်းအပိုင်း(၂) ဒေသများကဲ့သို့ မြစ်ကြီးနားနှင့် ဗန်းမော်ခရိုင်တို့၏ အုပ်ချုပ်ရေးတွင် နယ်စပ်ဒေသအတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဆွေးနွေးတိုင်ပင်ရမည်။

၇။ နယ်စပ်ဒေသများ၏ နယ်သူ/ နယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့်ရှိစေရမည်။

၈။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ ပဒေသရာဇ်ရှမ်းပြည်နယ် မြေစုတွင် ယခုအပ်နှင်းထားပြီးဖြစ်သော ဘဏ္ဍာရေးနှင့်ပတ်သက်သည့် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ထိခိုက်ခြင်း မရှိစေရ။

၉။ ဤစာချုပ်တွင် သဘောတူညီကြသည့် အစီအစဉ်တို့မှာ မြန်မာပြည်အခွန်တော်ငွေများမှ ကချင်တောင်တန်းနယ်များနှင့် ချင်းတောင်တန်းနယ်များက ရသင့်ရထိုက်သော ဘဏ္ဍာရေးအကူအညီကို ထိခိုက်ခြင်းမရှိစေရ။ မြန်မာပြည်နှင့် ပဒေသရာဇ်ရှမ်းပြည်နယ်မြေစု၏ ဘဏ္ဍာရေးအစီအစဉ်များကဲ့သို့ ကချင်တောင်တန်းနှင့် ချင်းတောင်တန်းများအတွက် အလားတူ အစီအစဉ်များကို ထားရှိကျင့်သုံးရန်ဖြစ်နိုင်မည် မဖြစ်နိုင်မည်ကို ဘုရင်ခံ၏ အမှုဆောင်ကောင်စီက ယန်စပ်ဒေသများ၏ အတိုင်ပင်ခံနှင့် ဒုတိယအတိုင်ပင်ခံပုဂ္ဂိုလ်တို့နှင့်အတူ စစ်ဆေးကြည့်ရှုရမည်” ဟု ရေးသားထားပါသည်။

| ရှမ်းပြည်နယ် | မြန်မာနိုင်ငံတော်အစိုးရ |
| --- | --- |
| ၁။ ခွန်ပန်းစိန် (တောင်ပိုင်စပ်ဖလုံ) | ဗိုလ်ချုပ်အောင်ဆန်း |
| ၂။ စပ်ရွှေသိုက် (ညောင်ရွှေစပ်ဖလုံ) | ၁၂ – ၂ – ၄၇ |
| ၃။ စပ်ဟုံဖ (မြောက်သိန္နီစပ်ဖလုံ) | |
| ၄။ စပ်နွံ (လဲချားစပ်ဖလုံ) | |
| ၅။ စပ်စံထွန်း(မိုင်းပွန်စပ်ဖလုံ) | |
| ၆။ စပ်ထွန်းအေး (သာမိုင်းခမ်းစပ်ဖလုံ) | |
| ၇။ ဦးဖြူ (သထုံမြို့စားကိုယ်စားလှယ်) | |
| ၈။ ခွန်ဝန်း (လူထုကိုယ်စားလှယ်) | |
| ၉။ ဦးတင်ဧ (လူထုကိုယ်စားလှယ်) | |
| ၁၀။ ဦးထွန်းမြင့် (လူထုကိုယ်စားလှယ်) | |

*စာမျက်နှာ ၇ သို့*

- **တိုင်းရင်းသားများ ပေါင်းစည်းညီညွတ်မှုကို ပြသကာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့လေးတွင် အထက်ပါ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအချိန်မှစကာ ပင်လုံဟုဆိုလျှင် စည်းလုံး၊ ညီညွတ်ခြင်း၏ သင်္ကေတ ပင်လုံစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ဟူသည့် အနက်အဓိပ္ပာယ်ကိုဆောင်လာ**
- **ကိုလိုနီနယ်ချဲ့အရင်းရှင်၏လက်မှ မိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူကာ မြန်မာနိုင်ငံ တိုင်းရင်းသားမျိုးနွယ်စုလူငယ်များလက်သို့ လွှဲအပ်ပေးခဲ့ပါသည်။ လက်ခံရယူလိုက်ကြရသည့် မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမရင်းချာများဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် မျိုးနွယ်စုတို့၏ လူငယ်များကလည်း မိမိတို့ လက်ခံရယူပိုင်ဆိုင်ထားကြသည့် ခေတ်သစ် မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တို့၏ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာတက်လှမ်းချီ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကား ကြီးမားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်စေရန် စည်းလုံးညီညာစွာ တည်ဆောက်ကြပါစို့**

# ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီး Dr. Bour Kry ဦးဆောင်သည့်အဖွဲ့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကြည့်ရှုလေ့လာ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

မြန်မာနိုင်ငံ၌ ဘုရားဖူးခရီးစဉ် ရောက်ရှိနေသည့် ကမ္ဘောဒီးယားနိုင်ငံ၏ အဓိပတိဆရာတော်ကြီး၊ ဓမ္မယုတ္တိက နိကာယဂိုဏ်းမှ သံဃရာဇာ His Holiness Samdech Preah Abhisiri Sugandha Mohasangharajah Dhipati Dr. Bour Kry ဦးဆောင်သည့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

ဦးစွာတက္ကသိုလ်ဗဟိုဆောင်ရှိ ပုဂံဧည့်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာ ဘဒ္ဒန္တဆေကိန္ဒ အမှူးပြုသော သင်ကြားဆရာတော်ကြီးများနှင့် တွေ့ဆုံကာ နှစ်နိုင်ငံထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေး ကိစ္စရပ်များ၊ ကမ္ဘောဒီးယားနိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ဖွင့်လှစ်လျက်ရှိသော ဗုဒ္ဓဓမ္မသင်တန်းများသို့ တက်ရောက်ရန် သင်တန်းသား ပိုမိုလက်ခံနိုင်ရေး ကိစ္စရပ်များအပါအဝင် သာသနာရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးတော်မူကြသည်။

ထို့နောက်ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးနှင့် ပါမောက္ခချုပ် ဆရာတော်တို့သည် ဓမ္မလက်ဆောင်များ အပြန်အလှန်လဲလှယ်ခဲ့ကြပြီး ကမ္ဘောဒီးယားနိုင်ငံမှ သံဃရာဇာဆရာတော်ကြီးသည် တက္ကသိုလ်စာသင်ခန်းမများ၌ ပြည်တွင်း ပြည်ပ သင်တန်းသားများအား ထေရဝါဒဗုဒ္ဓဓမ္မသင်တန်းများ သင်ကြားပို့ချပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့ ရောက်ရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၇**

အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုခေါင်းဆောင်နှင့် ငြိမ်းချမ်းရေးသံတမန်ကြီး ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိကြသည်။

ဧည့်သည်တော်ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ တာဝန်ရှိသူများနှင့် မြန်မာလူငယ်များက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ကြိုဆိုနှုတ်ဆက်

**အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှု ခေါင်းဆောင်နှင့် ငြိမ်းချမ်းရေး သံတမန်ကြီး ဂုရုကြီး Sri Sri Ravi Shankar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။**

*စာမျက်နှာ ၆ မှ*

၁၁။ စပ်ယိပ်ဖ (လူထုကိုယ်စားလှယ်)
၁၂။ ဦးခွန်ထီး (လူထုကိုယ်စားလှယ်)
၁၃။ ဦးကြာပု (လူထုကိုယ်စားလှယ်)
၁၄။ ဦးခွန်စော (လူထုကိုယ်စားလှယ်)

**ကချင်ကော်မတီ**

၁။ ဆမားဒူးဝါးဆင်ဝါးနော်င (မြစ်ကြီးနား)
၂။ ဒူးဝါးဇော်ရစ် (မြစ်ကြီးနား)
၃။ ဦးဒင်ရတန် (မြစ်ကြီးနား)
၄။ ဇော်လ (ဗန်းမော်) (လက်မှတ်ရေးထိုးထားခြင်းမရှိ)
၅။ ဒူးဝါးဇော်လွန်း (ဗန်းမော်)
၆။ လဗန်ဂရောင်း (ဗန်းမော်)

**ချင်းကော်မတီ**

၁။ ဦးလွှားမုန်း (ဖလမ်း)
၂။ ဦးသောင်ဇာခုပ် (တီးတိန်)
၃။ ဦးကွယ်မန်း (ဟားခါး)

တိုင်းရင်းသားများ ပေါင်းစည်းညီညွတ်မှုကို ပြသကာ ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လုံမြို့လေးတွင် အထက်ပါ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုအချိန်မှစကာ ပင်လုံဟုဆိုလျှင် စည်းလုံး၊ ညီညွတ်ခြင်း၏ သင်္ကေတပင်လုံစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ဟူသည့် အနက်အဓိပ္ပာယ်ကို ဆောင်လာသည်။

**စည်းလုံးညီညာစွာတည်ဆောက်ကြပါစို့**

ကိုလိုနီနယ်ချဲ့အရင်းရှင်၏လက်မှ မိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူကာ မြန်မာနိုင်ငံ တိုင်းရင်းသားမျိုးနွယ်စုလူငယ်များ လက်သို့ လွှဲအပ်ပေးခဲ့ပါသည်။ လက်ခံရယူလိုက်ကြရသည့် မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမရင်းချာများ ဖြစ်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် မျိုးနွယ်စုတို့၏ လူငယ်များကလည်း မိမိတို့ လက်ခံရယူပိုင်ဆိုင်ထားကြသည့် ခေတ်သစ် မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တို့၏ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာ တက်လှမ်းချီ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကားကြီးမားသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်စေရန် စည်းလုံးညီညာစွာ တည်ဆောက်ကြပါစို့။ ။

**ကျမ်းကိုးစာရင်း**

- တို့ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ (ဒေါက်တာမောင်မောင်၊ ၁၉၈၉ ခုနှစ် ဒီဇင်ဘာလ)
- ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာဂျာနယ်၊ အမှတ်(၃)၊ ( နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၊ ၂၀၁၈ ခုနှစ်၊ မတ်လ)
- အုပ်ချုပ်ရေးသမိုင်းနှင့် ကျင့်သုံးသော ဥပဒေများ၊ (ဦးအုန်းသန်း (ဥပဒေ) ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ)

## ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

# နိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီးဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ဦးစီးမှူးများ၊ ဆုရရှိသူများတက်ရောက်ကြသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ်အတွင်း ဆောင်ရွက်ချက်များကို ဖော်ညွှန်းပြသထားသည့် "ယုံကြည်ရဲရင့် အားမာန်ဖွင့် မရွံ့ခြေလှမ်း ရှေ့သို့လှမ်းမည်" Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသည် ပြန်ကြားရေး ဝန်ကြီးဌာန၏ အရေးပါသည့်ဌာနတစ်ခုအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်လျှောက်လှမ်းလာခဲ့သည်မှာ ယခုဆိုလျှင် ၃၄နှစ်ရှိခဲ့ပြီ ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဌာနကြီးတစ်ခု ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့ခြင်းမှာ ဌာနရှိ ဦးဆောင် ဦးရွက်ပြုနေသူများရော တာဝန်အသီးသီးကို ကျေပွန်စွာ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများပါ တက်ညီလက်ညီဖြင့် စည်းလုံးညီညွတ်မှုကြောင့်ဖြစ်ပြီး နောင်အနာဂတ် အတွက်လည်း အရေးပါသည့်ကဏ္ဍမှ ရှေ့ဆက်လျှောက်လှမ်းလျက်ရှိနေကြမည်ဟု ယုံကြည်စွာဖြင့် အသိအမှတ်ပြု ပြောကြားလိုပါကြောင်း။

၂၀၂၄ ခုနှစ်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ထူးခြားသည့် စွမ်းဆောင်နိုင်မှုများကို ပြသနိုင်ခဲ့သည့် နှစ်တစ်နှစ်ဟု ဆိုနိုင်ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလအတွင်း ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင် ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို အဆင့်မီစွာ ကျင်းပနိုင်ခဲ့ခြင်း၊ မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု အခမ်းအနားများကို နိုင်ငံတစ်ဝန်းတွင် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်း၊ ပဉ္စမအကြိမ်မြောက် အမျိုးသား အားကစားပွဲတော် ဖွင့်ပွဲ / ပိတ်ပွဲ အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့် အညီ ကြီးကျယ်ခမ်းနားစွာ ပါဝင်ကျင်းပနိုင်ခဲ့ခြင်းတို့အပြင် အခြားသော ဝန်ကြီးဌာနများနှင့် ပူးပေါင်းကျင်းပသည့် အခမ်းအနားများတွင်လည်း အနှစ်သာရရှိရှိ ပူးပေါင်းပါဝင်နိုင်ခဲ့ခြင်းများ ရှိခဲ့ပါကြောင်း၊ ထိုဆောင်ရွက်ချက်များသည် ၂၀၂၄ခုနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ထူးခြားသည့် စွမ်းဆောင်ရည်များပင်ဖြစ်သည်ဟု ဂုဏ်ယူဖွယ်ရာ အသိအမှတ်ပြု ပြောကြားလိုပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၃၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာများ မြှင့်တင်ဆောင်ရွက်ပေးရန်၊ ဗလ ငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အနာဂတ် တိုင်းပြည်၏ အားကိုးအားထားပြုရမည့် မျိုးဆက်သစ် ခေါင်းဆောင်များ ဖြစ်လာစေရန် အတွက် အကျင့်စာရိတ္တကောင်းမွန်ရေးနှင့်မျိုးချစ်စိတ်ဓာတ် ရှင်သန်ရေး လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများနှင့် လူငယ်စကားဝိုင်းများကိုလည်း တစ်နိုင်ငံလုံး ကျင်းပနေမှုများကိုလည်း တွေ့မြင်နေရပါကြောင်း။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ကောင်းမွန်သည့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို ကြိုးပမ်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူများအကြား ပေါင်းကူးတံတားသဖွယ် လုပ်ငန်းတာဝန်များ ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် အဓိကကျသည့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးနေသည်ကိုလည်း တွေ့ရသည့်အတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထူးချွန်ဆု ရရှိသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးရဲတင့်က မြို့နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် ဒေးဒရဲမြို့နယ်ရုံး၊ ဒုတိယဆုရရှိသည့် နတ်မောက်မြို့နယ်ရုံး၊ တတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်ရုံးနှင့် အထူးဆုရရှိကြသည့် မြို့နယ်ရုံးများအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စာဖတ်ရှိန် မြှင့်တင်ရေးပွဲတော် အကောင်းဆုံး ဆောင်ရွက်နိုင်မှုဆုရရှိသည့် ဘားအံခရိုင်ရုံး၊ စစ်ကိုင်းခရိုင်ရုံး၊ မင်းဘူးခရိုင်ရုံး၊ ပြင်ဦးလွင်ခရိုင်ရုံး၊ တောင်ကြီးခရိုင်ရုံး၊ မြောင်းမြခရိုင်ရုံးတို့အားလည်းကောင်း၊ ခရိုင်အဆင့် လုပ်ငန်းစွမ်းဆောင်ရည်ဆု ပထမဆုရရှိသည့် တောင်ကြီးခရိုင်ရုံး၊ ဒုတိယဆုရရှိသည့် ရမည်းသင်းခရိုင်ရုံး၊ တတိယဆုရရှိသည့် ပြင်ဦးလွင်ခရိုင်ရုံးတို့အား လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးရုံးအား လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တိုင်းဒေသကြီး/ပြည်နယ်အဆင့် လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးရုံးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ယင်းနောက် ဆုရရှိသူများကိုယ်စား မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဝေဝေဖြိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ဓာတ်ပုံမှတ်တမ်းများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာမိသားစု ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**
ပြည်ထောင်စု ရာထူးဝန်အဖွဲ့၏ (၁၅) ကြိမ်မြောက် မြန်မာ့ရိုးရာ မိသားစု ထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၁၇) ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

**အကဲဖြတ်အမှတ်ပေး**

ထမနဲထိုးပြိုင်ပွဲကို ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဝန်ထမ်းရေးရာ ဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများ ပါဝင်သည့် အသင်း သုံးသင်းစီဖြင့် စုစုပေါင်း ကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ထမနဲထိုးယှဉ်ပြိုင်နေမှုများအား ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံအားပေးခြင်း၊ အကဲဖြတ် အမှတ်ပေးခြင်းများ ဆောင်ရွက်ကြသည်။

**ဆုချီးမြှင့်ပေးအပ်**

ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြသည့်အသင်းများနှင့် ဆုရရှိသော အသင်းများကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများ ချီးမြှင့်ပေးအပ်ကြရာ ပထမဆုရရှိသည့် ဝန်ထမ်းရေးရာ ဦးစီးဌာန အဖွဲ့(၁) အသင်း၊ ဒုတိယဆုရရှိသည့် ဝန်ထမ်းရေးရာဦးစီးဌာနအဖွဲ့ (၂) အသင်းနှင့် တတိယဆုရရှိသည့် ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနအဖွဲ့(၂) အသင်းတို့ကို ဥက္ကဋ္ဌ ဦးအောင်သော်က လည်းကောင်း၊ နှစ်သိမ့်ဆုရ အသင်းများကို အဖွဲ့ဝင်များကလည်းကောင်း ဆုချီးမြှင့်ခဲ့ကြကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ရှမ်းပြည်နယ် (တောင်ပိုင်း) ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) ရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အသေးစားထုတ်ကုန်များ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ညောင်ရွှေမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် ကျေးရွာရှစ်ရွာ၊ လူဦးရေ ၂၃၀၀ ကျော်ကို အကျိုးပြုပေးနိုင်မည့် ပေါင်းပိုင်း - လက်မောင်းကွေး ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ **(အပေါ်ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ် အောင်ပန်းမြို့ရှိ တေဇာထွန်းနှင့် ဆင်ဖြူတော် စားသောက်ကုန်လုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု၊ ပြည်တွင်း၌ တင်ပို့ရောင်းချနေမှု၊ အကျိုးအမြတ်ရရှိမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်ကုန်းမြို့ "လှ" ချည်မျှင်ထုတ်လုပ်ရေး သမဝါယမအသင်းလီမိတက်၏ ဝါကြိတ်စက်နှင့် ဝါသိုလှောင်ရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥပ္ပါတသန္တိစေတီတော် တောင်ဘက်ရှိ တပေါင်းကွင်း၌ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲတွင် ပြသမည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်းနှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ ကုန်ထုတ်သမဝါယမအသင်းများ၏ ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှု ထုတ်ကုန်ပြခန်းများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အလုပ်သမားဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အလုပ်သမားဝန်ကြီးဌာန၏ တတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာနရှိ ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးညွန့်ဝင်းနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲသည် ၁၂ လရာသီပွဲတော်များ၌ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ရသည့် ထူးခြားသောရိုးရာပွဲတစ်ခုဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု၊ သတ်မှတ်ချိန်အတွင်း ဆောင်ရွက်နိုင်မှုတို့က အနိုင်ရရှိရေးကို အဆုံးအဖြတ်ပေးသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် စည်းစည်းလုံးလုံး တက်တက်ကြွကြွ ယှဉ်ပြိုင်သွားကြရန် မှာကြားသည်။

ထမနဲထိုးပြိုင်ပွဲတွင် ဝန်ကြီးဌာနရှိ ဝန်ကြီးရုံး၊ ဦးစီးဌာန၊ အဖွဲ့ရုံးများမှ ပြိုင်ပွဲဝင် အသင်းခုနစ်သင်းတို့က မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း အမှတ်ပေးသတ်မှတ်ချက်များနှင့်အညီ အားကြိုးမာန်တက်ယှဉ်ပြိုင်ကြပြီး ဝန်ထမ်းများကလည်း အိုးစည်၊ ဒိုးပတ်များဖြင့် တီးမှုတ်ကခုန်၍ ပျော်ရွှင်စွာအားပေးကြသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို ဆုများချီးမြှင့်ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# စွမ်းအင်ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

စွမ်းအင်ဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်း၊ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများက Video Conferencing စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက "အဂတိပယ်ခွာ ပြည်သာယာ" ဆိုသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ပုဒ်နှင့်အညီ အဂတိလိုက်စားမှုကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေါ်လာစေရန် တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ဖွဲ့ချင်းက အဂတိကိုဖယ်ခွာပြီး မိမိကိုယ်တိုင်နှင့် မိမိပတ်ဝန်းကျင်၊ မိမိဌာန ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်း ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏ သယံဇာတကို ကိုင်တွယ် ဆောင်ရွက်နေရပြီး **"ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့"** အဂတိကင်းရှင်းစွာဖြင့် ပြန်လည်ပေးအပ်သုံးစွဲနိုင်ရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်အတွင်းရေးမှူး ဦးတင်ဆွေဝင်းက နိုင်ငံ့ဝန်ထမ်းတိုင်း အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်နှင့် သဘောသဘာဝများကို သိရှိရှောင်ကြဉ်နိုင်စေရေးနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ကော်မရှင် အတွင်းရေးမှူး ဦးတင်ဆွေဝင်းသည် စွမ်းအင်ဝန်ကြီးဌာနမှ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)များနှင့် တွေ့ဆုံပြီး တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင်ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သိရသည်။

**သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၃)

ဦးအောင်ကို (ဒုတိယညွှန်ကြားရေးမှူး/အင်ဂျင်နီယာချုပ်)၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

မြန်မာနိုင်ငံတွင် ရေနံတွေ့ရှိပုံကို ဒဏ္ဍာရီဆန်ဆန် ပြောစမှတ်ပြုကြသည်။ သက္ကရာဇ် ၉၀၆ ခုနှစ်တွင် ပုဂံပြည့်ရှင် တန်နက်မင်းကို စလေငခွေး လုပ်ကြံ၍ နန်းတက်သောအခါ တန်နက်မင်း၏ မိဖုရားနှင့် နောက်ပါ ဆွေမျိုးအခြံအရံတို့ ထွက်ပြေးတိမ်းရှောင်ကြသည်။ ၎င်းတို့အနက်မှ ၁၂ ဦးသည် ရေနံထွက်ရာအရပ်ကို စတင်တွေ့ခဲ့ကြသည်ဟု ဆိုသည်။ ထို ၁၂ ဦးသည် ထိုစဉ်က ဆိပ်သာကွန်းထောက်ဟုခေါ်သောဒေသ (နောင်အခါ ရေနံများ ချောင်းပေါက်အောင်ထွက်ရှိ၍ ရေနံချောင်းဟု ခေါ်တွင်လာသော ရေနံမြေဒေသ) ဆိုင်ရာသူကြီးထံ မြေတိုင်းစာခံယူ၍ ထိုအရပ်၌ပင် နေထိုင်ပြီးလျှင် ရေနံတို့ကို စတင်လုပ်ကိုင်စားသောက်ကြသည်မှ တွင်းရိုး၊ တွင်းစားများ ပေါ်ပေါက်လာသည်ဟုလည်း အဆိုရှိသည်။ မြန်မာနိုင်ငံတွင် ပုဂံခေတ်ဦးပိုင်းတွင် ရေနံကို (ယခု ရေနံချောင်းဒေသတွင်) တွေ့ရှိကြပြီး တူးဖော်အသုံးပြုတတ်ကြပြီဟု ယူဆရသည်။



ရေနံလက်ယက်တွင်းများ မီးလောင်နေမှုမှတ်တမ်းဓာတ်ပုံ။

ရေနံကို မင်းသုံးစိုးသုံးအဖြစ် စတင်ခဲ့သော ကာလသည် အနော်ရထာမင်းလက်ထက် ဖြစ်သည်။ ရေနံဆက်သွင်းခဲ့သော မူလရေနံတွင်းရိုး အိမ်ထောင်စုတို့ကို ဘွဲ့ထူးဂုဏ်ထူးတို့ဖြင့် ချီးမြှင့်ခဲ့သည်။ တွင်းရိုးအိမ်ထောင်စုတို့သည် အခြားတစ်ပါးသောမျိုးရိုးတို့နှင့် မဆက်နွှယ်ဘဲ သီးသန့်နေထိုင်ကြ၍ အနော်ရထာမင်းလက်ထက်တွင် တွင်းရိုး ၂၄ ဦး ရှိခဲ့သည်။

ရေနံကိုစတင်တွေ့ရှိချိန်က ရေနံမြေဒေသတွင် ရေနံများသည် မြေပြင်ပေါ်သို့ စိမ့်ထွက်လျက် အိုင်လေးများ ဖြစ်နေခဲ့ဟန်တူသည်။ အချို့နေရာများတွင် မြင့်ရာမှနိမ့်ရာသို့ စမ်းချောင်းလေးများကဲ့သို့ စီးဆင်းနေကြပေမည်။ အထုတ်အယူများလာသောအခါ ရေနံကို လက်ယက်တွင်းများဖြင့် တူးဖော်ယူကြရသည်။ ရေနံတွင်းများသည် တစ်စတစ်စ နက်သည်ထက် နက်လာသည်။ ၁၈ ရာစု အလယ်လောက်တွင် ရေနံတွင်းများသည် ပေ ၁၀၀ မှ ၃၀၀ အထိ နက်နေပြီဖြစ်သည်။

တွင်းရိုးများသည် ရေနံတွင်းသစ်ကို မိမိတို့သဘောကျတူးနိုင်သည်ဆိုသော်လည်း တစ်ဦးနှင့်တစ်ဦး ကွင်းပိုင်ရှင်အချင်းချင်း ပြဿနာမရှိစေရန် လက်ရှိတွင်းမှ ၄၅ ပေ အကွာအဝေးအတွင်း တွင်းသစ်မတူးရဟု သတ်မှတ်ချက်ရှိသည်။ ထို့ပြင် တွင်းရိုးတစ်ဦးသည် တစ်နှစ်လျှင် ၁၂ တွင်းထက် ပို၍တူးခွင့်မရှိဟူသည့် စည်းကမ်းများရှိခဲ့သည်ကို ထောက်ရှုခြင်းဖြင့် မြန်မာနိုင်ငံတွင် ရေနံတူးဖော်ခြင်း စတင်ခဲ့သည့်အချိန်ကာလများ၌ပင် စနစ်တကျရှိစေရေးအတွက် ထိန်းကျောင်းမှုများရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ပုဂံခေတ်က စတင်တွေ့ရှိခဲ့သောရေနံသည် ကုန်းဘောင်ခေတ်တွင် စနစ်ကျစွာ ကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ပြီး အင်္ဂလိပ်အုပ်ချုပ်မှုအချိန်ကာလတွင် နည်းပညာဆန်းသစ်မှုနှင့် ပြည်ပကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများ၊ လက်ဝါးကြီးအုပ်စီးပွားရှာမှုများကြောင့် ယခင်ကထက် ပိုမိုထုတ်လုပ်နိုင်ခဲ့ကြသည်။ ယင်းအချိန်က ရေနံလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် အရေးပါဆုံးနှင့် ဝင်ငွေအရဆုံးလုပ်ငန်းတစ်ခုဖြစ်ခဲ့သည်။

ရေနံလက်ယက်တွင်းများ တူးဖော်ခြင်းသည် ရှေးယခင်ကတည်းကပင်ရှိခဲ့ကြပြီး ယနေ့ကာလတွင် ခေတ်မီစက်ကိရိယာများအသုံးပြု၍ တူးဖော်ထုတ်လုပ်နေကြပြီဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး တူးဖော်ထုတ်လုပ်ခဲ့ကြသည်။ နိုင်ငံပိုင်စီးပွားရေးဥပဒေအရ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်မှစ၍ ရေနံလက်ယက်တွင်းတိမ် (ပေတိမ်)များကို ခွင့်ပြုမိန့်ထုတ်ပေးခဲ့ပါသည်။ ရေနံလက်ယက်တွင်းတိမ်များ ရှာဖွေတူးဖော်ထုတ်လုပ်ခွင့်ကိုလည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှစ၍ ပြည်ထောင်စုအစိုးရအဖွဲ့က အမိန့်ကြော်ငြာစာဖြင့် ခွင့်ပြုခဲ့ပြီး လုပ်ငန်းများကြီးကြပ်ခွင့်ကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအား ခွင့်ပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ဖြင့် ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုဘဲ တူးဖော်ရမည်ဟု ပြဋ္ဌာန်းခဲ့သော်လည်း နည်းဥပဒေမရှိသေးသည့်အပြင် ကြပ်မတ်စစ်ဆေးမှုအားနည်းခဲ့သည့်အတွက် ပေ ၂၀၀၀-၃၀၀၀ ကျော်အထိ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

၂၀၂၀ ပြည့်နှစ် ဇွန်လ ၄ ရက်နေ့တွင် ရေနံလက်ယက်တွင်းဆိုင်ရာ နည်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းနည်းဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် ရေနံလက်ယက်တွင်း တစ်တွင်းနှင့်တစ်တွင်း အကွာအဝေးအား အနည်းဆုံး ပေ ၁၀၀ ထားရှိရမည်ဟု ပြဋ္ဌာန်းထားသော်လည်း မြေပြင်တွင် Water Jet စက်များအသုံးပြုပြီး မြေတစ်ဧက (ပေ ၂၁၀ ပတ်လည်) လျှင် ရေနံလက်ယက်တွင်း ၁၀ တွင်းမှ ၁၅ တွင်းထိ တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ပေ ၅၀ သာခြား၍ တူးဖော်ထုတ်လုပ်ခဲ့ကြသည်။

ရေနံထုတ်ယူနေသောတွင်းနှင့် နီးနိုင်သမျှနီးပြီး တူးဖော်ပါက ရေနံထွက်ရန် ပိုမိုသေချာသည်ဟု ယုံကြည်ကြသော်လည်း ထုတ်ယူနေသည့် ရေနံကြောထဲသို့ တွင်းသစ်မှရွံ့ရည်များ ဝင်ရောက်လာ၍ ရေနံကြော ထိခိုက်ပျက်စီးခြင်းနှင့် အထွက်နှုန်းကျဆင်းခြင်းစသည့် မလိုလားအပ်သော ဆိုးကျိုးများဖြစ်ပေါ်လာမည်ကိုလည်း သိရှိလိုက်နာရမည်ဖြစ်ပါသည်။ ရေနံထုတ်ယူမည့် သဲကြော၏ ဂုဏ်သတ္တိအလိုက် သင့်လျော်သည့် အကွာအဝေးရှိမှသာ ရေရှည်ထုတ်ယူနိုင်ခြင်းနှင့် ရသင့်သည့် ရေနံပမာဏကိုလည်း ထုတ်ယူနိုင်မည်ဖြစ်ရာ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအနေဖြင့် ရေနံတွင်းများအတွက် ပေ ၃၀၀ ခန့်နှင့် သဘာဝဓာတ်ငွေ့တွင်းများအတွက် ပေ ၁၀၀၀ အနည်းဆုံး အကွာအဝေး သတ်မှတ်၍ စနစ်တကျ တူးဖော်လျက်ရှိပါသည်။

## စနစ်ကျစွာတူးဖော်ခြင်း

စနစ်ကျစွာတူးဖော်ရာတွင် တွင်းတူးဖော်ခြင်းနှင့် တွင်းကာပိုက်များချထားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ရေနံနှင့် ဓာတ်ငွေ့သိုက်အပေါ် မူတည်၍ တူးဖော်ရသည့် အနက်ပေ၊ အသုံးပြုရသည့် တွင်းတူးရွံ့ရည်၏ ဂုဏ်သတ္တိ၊ ချထားရသည့်တွင်းကာပိုက်များ၊ တွင်းတူးစက်နှင့် စက်ကိရိယာများ ကွဲပြားခြားနားကြပါသည်။ လိုအပ်ချက်နှင့် ကိုက်ညီသည့် စက်ကိရိယာပစ္စည်းများအသုံးပြုမှသာ အောင်မြင်သော ရေနံနှင့် ဓာတ်ငွေ့တွင်းများကို အန္တရာယ်ကင်းစွာဖြင့် တူးဖော်ရရှိနိုင်မည်ဖြစ်ရာ သတ်မှတ်ပေအထိ တူးဖော်၍ တိုင်းတာမှုများ ဆောင်ရွက်ပြီးနောက် သတ်မှတ်အရွယ်ရှိ တွင်းကာပိုက်များချပြီး ပိုက်နှင့် တွင်းနံရံကြားကို ဘိလပ်မြေဖြင့် သရိုးကိုင်ရပါသည်။ ဘိလပ်မြေဖြင့် သရိုးကိုင်ခြင်းက အပေါ်ယံရှိ ရေချိုလွှာကို အောက်ဘက်မှ ရေနံ၊ ဓာတ်ငွေ့နှင့် ဆားငန်ရည်များ ဝင်ရောက်ခြင်းမှ ကာကွယ်စေပါသည်။ မြေအောက် ရေနံ၊ ဓာတ်ငွေ့၊ ရေငန်ကြောများကို သီးခြားစီဖြစ်နေစေရန်ပိတ်ဆို့ကာကွယ်ပေးရသည် ဖြစ်ရာ ယနေ့တူးဖော်နေသည့် ရေနံလက်ယက်တွင်းများတွင် ဖော်ပြပါအတိုင်း ဆောင်ရွက်ကြမည် မဟုတ်သည်မှာ သေချာလှပေသည်။

ပုဂံခေတ်မှစတင်၍ တူးဖော်ထုတ်လုပ်ခဲ့သည့် ရေနံချောင်း ရေနံမြေသည် စနစ်တကျတူးဖော်ထုတ်လုပ်ခဲ့မှုများကြောင့် ယနေ့ထိတိုင်ပင် ထုတ်ယူရရှိနေခြင်းသည် မည်သို့မျှ ငြင်း၍မရသည့် သက်သေသာဓကပင် ဖြစ်ပေသည်။

## စနစ်ကျစွာစွန့်ပစ်ခြင်း

ယနေ့ ရေနံလက်ယက်တွင်းများ တူးဖော်ရာတွင် ရရှိအောင်မြင်သည့် တွင်းများရှိသကဲ့သို့ မရရှိမအောင်မြင်ခဲ့သည့် တွင်းများလည်းရှိရာ မအောင်မြင်ပါက တွင်းသစ်တူးရန်အတွက် နေရာအသစ်ထပ်မံရှာဖွေပြီး ပြင်ဆင်ကြပါသည်။ မိမိတူးဖော်ခဲ့ပြီး မအောင်မြင်ခဲ့သည့် တွင်းနေရာဟောင်းအား စွန့်ပစ်ထားခဲ့ကြပါသည်။ ရေနံနှင့်သဘာဝဓာတ်ငွေ့ မတွေ့သောတွင်းဖြစ်စေ၊ ထုတ်ယူပြီးကုန်ဆုံးသွားသောတွင်းဖြစ်စေ စနစ်တကျပိတ်သိမ်း၍ စွန့်ပစ်ရမည်သာဖြစ်သည်။ Plug & Abandon (P & A) ပြုလုပ်သည်ဟုခေါ်သည်။ စီမံကိန်းကြီးများတွင် ရေနံတွင်း၊ ရေနံမြေအား စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် Decommissioning လုပ်ငန်းစဉ်များ သတ်မှတ်ပြီး တိကျစွာလိုက်နာဆောင်ရွက်ကြရပါသည်။ စနစ်တကျမပိတ်သိမ်းပါက အဆိုပါတွင်းဟောင်းများမှ ထွက်ရှိသော ဆားငန်ရည်၊ ရေနံနှင့်ဓာတ်ငွေ့အစအနများက ကမ္ဘာမြေ၏ ရေချိုလွှာများကို ညစ်ညမ်းပျက်စီးစေနိုင်ပါသည်။ ထိုသို့မဖြစ်စေရန်အတွက် ပိတ်သိမ်းခြင်းကို မဖြစ်မနေဆောင်ရွက်ရန်လိုအပ်ပြီး ဘိလပ်မြေမောင်းသွင်းပိတ်ဆို့သည့် လုပ်ငန်းစဉ်များလည်း ပါဝင်ပါသည်။ စနစ်တကျစွန့်ပစ်ခဲ့ခြင်းမရှိပါက တွင်းဟောင်းများထဲသို့ မိုးရေများဝင်ရောက်လာပြီး ထုတ်ယူနေသည့်တွင်းများမှ ရေနံကြောကို လုံးဝထုတ်ယူ၍ မရတော့သည်အထိ ပျက်စီးစေနိုင်ပါသည်။ ထိုကဲ့သို့ နည်းစနစ်မကျစွာ စွန့်ပစ်ခဲ့သည့်တွင်းဟောင်းများ ရေနံမြေရိယာများတွင် မည်မျှရှိနေမည်ကို စဉ်းစားကြည့်နိုင်ပါသည်။

## စနစ်ကျစွာ တူးဖော်မှုမပြုခြင်း၏ အကျိုးဆက်များ

ယနေ့အချိန်တွင် ရေနံလက်ယက်တွင်းများ တူးဖော်ရာ၌ စက်ကိရိယာများ အထိုက်အလျောက် အသုံးပြုလာကြသော်လည်း ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ပေါင်းစပ်တူးဖော်မှုမရှိခြင်းနှင့် မြေအောက်ကျောက်လွှာများ၏ ဘူမိဗေဒဆိုင်ရာ သဘောတရားများအား နားလည်ကျွမ်းဝင်မှုမရှိဘဲ တူးဖော်ခဲ့ခြင်းများကြောင့် မြေအောက်တွန်းကန်အားများသည့် သဘာဝဓာတ်ငွေ့သဲကြောလွှာများကို တူးဖောက်မိပါက တွန်းကန်ထွက်လာပြီး မီးလောင်မှုအန္တရာယ်များ၊ အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရခြင်းများနှင့် မြေအောက်တွန်းကန်အားများသည့် ရေအောင်းလွှာများကို တူးဖောက်မိပါက ဆားငန်ရည်များ မြေပေါ်သို့ တွန်းကန်ထွက်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည် ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**“ယနေ့အချိန်တွင် ရေနံလက်ယက်တွင်းများ တူးဖော်ရာ၌ စက်ကိရိယာများ အထိုက်အလျောက် အသုံးပြုလာကြသော်လည်း ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ပေါင်းစပ်တူးဖော်မှုမရှိခြင်းနှင့် မြေအောက်ကျောက်လွှာများ၏ ဘူမိဗေဒဆိုင်ရာ သဘောတရားများအား နားလည်ကျွမ်းဝင်မှုမရှိဘဲ တူးဖော်ခဲ့ခြင်းများကြောင့် မြေအောက်တွန်းကန်အားများသည့် သဘာဝဓာတ်ငွေ့သဲကြောလွှာများကို တူးဖောက်မိပါက တွန်းကန်ထွက်လာပြီး မီးလောင်မှုအန္တရာယ်များ၊ အသက်အန္တရာယ်ဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရခြင်းများနှင့် မြေအောက်တွန်းကန်အားများသည့် ရေအောင်းလွှာများကို တူးဖောက်မိပါက ဆားငန်ရည်များ မြေပေါ်သို့ တွန်းကန်ထွက်လာနိုင်သဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည်”**

*စာမျက်နှာ ၁၀ မှ*

ထို့အပြင် ရေနံလက်ယက်တွင်းများကို တစ်တွင်းနှင့်တစ်တွင်း ထားရှိရမည့်အကွာအဝေး (Well Spacing) အတိုင်း မထားရှိဘဲ နီးကပ်စွာ တူးဖော်ကြခြင်းကြောင့် ရေနံခိုအောင်းလွှာ ဖိအားကို လျော့ကျစေနိုင်ပြီး ရေနံသဘာဝစီးဆင်းမှုကို အဟန့်အတား ဖြစ်စေနိုင်ပါသည်။ ထိုအချက်သည် ရေနံကို သက်တမ်းရှည်ကြာစွာ ထုတ်ယူနိုင်ရန် အခက်အခဲဖြစ်စေသည်ကို သတိချပ်ရမည်ဖြစ်ပါသည်။ ရေနံလက်ယက်တွင်းတူးဖော်သူများအနေဖြင့် Isolation (မြေအောက်ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုမရှိစေရန် မလိုအပ်သည့်ရေကြောများအား ဘိလပ်မြေချခြင်း၊ ရော်ဘာပလပ်ချခြင်း)ကို မစဉ်းစားခဲ့ကြသဖြင့် မြေအောက်ရေနံကြော၊ ဓာတ်ငွေ့ကြောနှင့် ရေကြောများ ကူးလူးရောယှက်မှုကြောင့် ရေနံသိုက်များ အချိန်မတိုင်မီ ပျက်စီးခြင်းနှင့် တွင်းသက်တမ်းတိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ပြည်သူလူထု၏ ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများမှာ များစွာ ပျက်စီးဆုံးရှုံးလျက်ရှိနေပါသည်။

ဘူမိဗေဒသဘောတရားများကို သေချာစွာ သိရှိခြင်းမရှိဘဲ တူးဖော်ခြင်းသည် ရေနံခိုအောင်းလွှာ သဲကြောများကို အားပျော့သွားစေနိုင်သည်။ ထိပ်ပိတ်ကျောက်(Cap Rock)သည် အတားအဆီး ကျောက်လွှာတစ်ခုအဖြစ် လုပ်ဆောင်ပြီး ၎င်းအောက်ရှိ ရေနံနှင့်ဓာတ်ငွေ့များကို အပြင်သို့ ထွက်မသွားအောင် တားဆီးပေးရာ လက်ယက်တွင်းများအနေဖြင့် စနစ်တကျ တူးဖော်ခြင်းမျိုးမရှိခြင်းကြောင့် ရေနံခိုအောင်းလွှာများအား ပျက်စီးယိုစိမ့်မှု (သို့မဟုတ်) ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီ ရွှေ့ပြောင်းမှုဖြစ်စေနိုင်သည့်အတွက် ဖွဲ့စည်းတည်ဆောက်ပုံပျက်စီးခြင်း (Structural Damage) များ ဖြစ်ပေါ်လာနိုင်ပါသည်။

လက်ယက်တွင်းများသည် လေမှုတ်ထုတ်ခြင်း (တွင်းကန်ခြင်း၊ Blow out) အား တားဆီးနိုင်မည့် ထိန်းချုပ်မှုစနစ်များ မရှိသည့်အတွက် ရေနံခိုအောင်းလွှာအတွင်းသို့ ထိုးဖောက်ဝင်ရောက်ပါက ဟိုက်ဒရိုကာဗွန်များသည် မြေမျက်နှာပြင်ပေါ်သို့ ထိန်းမနိုင်သိမ်းမရ ကန်ထွက်သွားနိုင်ပြီး ထိန်းချုပ်မရသော ဟိုက်ဒရိုကာဗွန်ထုတ်လွှတ်မှု (Uncontrolled Hydrocarbon Release)ကို ဖြစ်ပေါ်စေပါသည်။ ၎င်းတို့နှင့်အတူ အခြားအဆိပ်သင့်ဓာတုပစ္စည်းများ ပါဝင်နိုင်ပြီး စနစ်တကျသန့်စင်ခြင်း၊ စွန့်ပစ်ခြင်း မရှိပါက မြေဆီလွှာကို ညစ်ညမ်းစေကာ ရေနံလက်ယက်တွင်း လုပ်ကွက်အတွင်းရှိ သစ်တောသစ်ပင်များ ထိခိုက်ပျက်စီးခြင်း၊ အပင်များ၏ ကြီးထွားမှုကို ထိခိုက်စေခြင်းများ ဖြစ်ပေါ်နိုင်ပါသည်။ အဆိုပါ အဆိပ်သင့်ဓာတုပစ္စည်းများသည် မြေပေါ်ရေ၊ မြေအောက်ရေထဲသို့ ရောက်ရှိနိုင်သဖြင့် ရေအရင်းအမြစ်များနှင့် ဒေသမျိုးရင်း တောရိုင်းတိရစ္ဆာန်များ၏ သဘာဝအလျောက်နေထိုင်ရာ စားကျက်နေရာများကို ပျက်စီးစေနိုင်သည့်အပြင် ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းဆုံးရှုံးစေပြီး ဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှုကို ထိခိုက်စေနိုင်ကာ သဘာဝပတ်ဝန်းကျင်ကိုလည်း ထိခိုက်ပျက်စီးစေမည်ဖြစ်ပါသည်။

တူးဖော်ရာ၌လည်း ရေနံခိုအောင်းလွှာများနှင့် သဘာဝမြေအောက်ရေလွှာကြောများ နီးကပ်သည့် ရေနံမြေများတွင် ဟိုက်ဒရိုကာဗွန်များသည် အနီးအနားရှိ မြေအောက်ရေကြောထဲသို့ ရွှေ့ပြောင်းသွားနိုင်ပါသည်။ ဤစိမ့်ဝင်ရွှေ့ပြောင်းမှုသည် မြေအောက်ရေ အရည်အသွေးကို ဆိုးဆိုးရွားရွား ထိခိုက်စေနိုင်ပြီး လူ (သို့မဟုတ်) စိုက်ပျိုးရေ အသုံးပြုမှုအတွက် ဆိုးကျိုးဖြစ်စေသည့် Aquifer Contamination များ ဖြစ်ပေါ်လာနိုင်ပါသည်။

ရေနံလက်ယက်တွင်း တူးဖော်ခြင်းနှင့် ထုတ်လုပ်ခြင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှုမဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်းဆောင်ရွက်ပြီးသည့်အခါ လုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည်ပြုပြင်ထားရှိရမည်ဟု ဥပဒေတွင် ပြဋ္ဌာန်းခဲ့သော်လည်း လိုက်နာကျင့်သုံးမှုအားနည်းပြီး စနစ်မကျသည့် တူးဖော်ခြင်းများကြောင့် လေထဲသို့ အော်ဂဲနစ်ဒြပ်ပေါင်းများ၊ အဆိပ်ဓာတ်ငွေ့များနှင့် လေထုကိုညစ်ညမ်းစေသော အမှုန်အမွှား စသည်တို့အပါအဝင် ရေနံတူးစင်များမှ ထုတ်လွှတ်မှုများသည် လေထုညစ်ညမ်းမှုကိုဖြစ်စေနိုင်ပြီး ဒေသအတွင်း ဝန်းကျင်လေထုအရည်အသွေး၊ ရေနံလက်ယက်တွင်း လုပ်ကွက်အတွင်းရှိ သက်ရှိများ၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာများနှင့် အနီးဝန်းကျင်ရှိ လူမှုအသိုင်းအဝိုင်းများအတွက် အခြားသောကျန်းမာရေးပြဿနာများကို များစွာဖြစ်ပေါ်စေနိုင်ပါသည်။



ရေနံလက်ယက်တွင်းပေါင်းများစွာတူးဖော်ခဲ့မှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှုမှတ်တမ်းဓာတ်ပုံ။

**ရေနံလက်ယက်တွင်းပေါင်းများစွာ တူးဖော်ခဲ့မှုနှင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးနေမှု**

လက်ယက်တွင်းဥပဒေအရ အနက်ပေ ၁၀၀၀ ထက်မပိုခြင်းနှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၁၀၀ ခြား တူးဖော်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်သော်လည်း မြေပြင်တွင် အနက်ပေ ၂၀၀၀ မှ ၃၀၀၀ ကျော်နှင့် တစ်တွင်းနှင့်တစ်တွင်း ပေ ၂၀ မှ ၅၀ ခြား တူးဖော်နေကြသည်ကို တွေ့ရှိရပါသည်။ ရေနံသဲကြောများကို စနစ်တကျ တစ်ကြောကုန်မှ တစ်ကြော ထုတ်ယူရမည်ဖြစ်သော်လည်း လက်တွေ့တွင် ရေနံထွက်ရှိရာနေရာ၌ တစ်တွင်းနှင့်တစ်တွင်း ကပ်လျက် ရေနံတွင်းပေါင်း ထောင်ကျော်တူးဖော်ပြီး ရေနံထွက်နိုင်သည့် သဲကြောများအား တိုင်းတာမှတ်သားထားသည့် အကွာအဝေးအတိုင်း ကြိုတင်ကာ ကွန်ကြူးပိုက်များတွင် အပေါက်များဖောက်ကာ သဲကြောအားလုံးမှ ရေနံများမြန်မြန်ရရှိရေး တစ်ပြိုင်တည်း ထုတ်ယူနေကြသည့်အတွက် မြေအောက်ရှိ ရေနံသဲကြောများ ထိခိုက်ပျက်စီးစေပြီး ရေရှည်ထုတ်ယူနိုင်ရေးကို ထိခိုက်စေမည်မှာ မလွဲဧကန်ဖြစ်ပေသည်။

ရေနံရရှိရေးအတွက် ရည်မှန်းတူးဖော်ခဲ့ကြသော်လည်း တစ်ခါတစ်ရံ ဓာတ်ငွေ့ထွက်လာသည့်အခါ တွင်းကာပိုက်အား ပိတ်၍ရသော်လည်း Annulus (တွင်းကာပိုက် အပြင်နှင့် တွင်းပေါက်ကြား)မှ ဓာတ်ငွေ့စီးထွက်မှုကြောင့် မီးလောင်ခဲ့သည့် ဖြစ်စဉ်များစွာရှိခဲ့သည်ကိုလည်း သတိပြုရမည် ဖြစ်ပါသည်။

ရှေးဘုရင်မင်းများလက်ထက်ကပင် လက်ယက်တွင်းများ တူးဖော်ရာတွင် စနစ်တကျရှိစေရေး ထိုက်သင့်သည့် စည်းမျဉ်းစည်းကမ်းများဖြင့် ကြပ်မတ်ခဲ့သည့်မှတ်တမ်းများ တွေ့ရှိရသော်လည်း ယနေ့ခေတ် လက်ယက်တွင်းများအား စက်ကိရိယာများဖြင့် တူးဖော်ရာတွင် အထိန်းအကွပ်မဲ့စွာ တူးဖော်နေကြသည့်အတွက် မြေအောက်ရေနံသဲကြော (Reservoir)နှင့် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးဆုံးရှုံးနေမည်မှာ မလွဲဧကန်ဖြစ်ပါသည်။

**စနစ်ကျစွာ တူးဖော်ထုတ်လုပ်နိုင်ရန် စီမံခြင်း**

မြန်မာနိုင်ငံ၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များဖြစ်ပေါ်စေသည့် ကျောက်လွှာများသည် ဘူမိသက်တမ်းအရ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၇၅ သန်းမှ ၂၃ သန်းခန့်ကြားတွင် ဖြစ်တည်ကြပါသည်။ ပြည်သူ့သယံဇာတများကို ပြည်သူများက သုံးစွဲကြရမည်ဖြစ်ရာ ရေရှည်စနစ်တကျထုတ်ယူသုံးစွဲနိုင်ရေးနှင့် သားစဉ်မြေးဆက်အထိ ထုတ်ယူသုံးစွဲနိုင်ရေး ရည်မှန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ **“မြန်မြန်တူး မြန်မြန်ထုတ် မြန်မြန်ရောင်း”** နောက်တစ်နေရာပြောင်းပြီး တူးဖော်ထုတ်ယူအသုံးပြုနေသည့် လက်ယက်တွင်းတူးဖော်မှုပုံစံမှ မြေအောက် Reservoir များထိခိုက်မှုမရှိစေရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်စေရန် သတိချပ်၍ စနစ်တကျ တူးဖော်သည့်ပုံစံသို့ ပြောင်းလဲနိုင်ရေး စီမံဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

ထို့အပြင် ရေနံလက်ယက်တွင်း တူးဖော်လုပ်ကိုင်သူများအနေဖြင့် တူးဖော်ရရှိသည့် ရေနံစိမ်းများကို မိမိအစီအစဉ်ဖြင့်သာ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ချက်လုပ်ခြင်းနှင့် ပြန်လည်ရောင်းချခြင်းများ ဆောင်ရွက်ခဲ့ကြပြီး စွမ်းအင်ဝန်ကြီးဌာန၏ စီမံခန့်ခွဲကြီးကြပ်မှုအောက်တွင် မရှိခဲ့ခြင်းတို့ကြောင့် လေလွင့်ဆုံးရှုံးမှုများ များစွာဖြစ်ပေါ်စေပြီး နိုင်ငံတော်နှင့် ပြည်သူအတွက် နစ်နာဆုံးရှုံးမှုများစွာ ဖြစ်ပေါ်စေခဲ့သည်မှာလည်း အမှန်ပင်ဖြစ်ပါသည်။ ယင်းသို့ ပြည်သူလူထု၏ ရေနံနှင့်သဘာဝဓာတ်ငွေ့သယံဇာတများသည် အထိန်းအကွပ်မဲ့စွာ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရေနံလက်ယက်တွင်းများ တူးဖော်ချက်လုပ်ခွင့်၊ သယ်ဆောင်ဖြန့်ဖြူးခွင့်များနှင့် ပတ်သက်ပြီး ထိန်းချုပ်ဆောင်ရွက်ရန် လမ်းညွှန်မှုပြုခဲ့သဖြင့် စွမ်းအင်ဝန်ကြီးဌာနသည် သက်ဆိုင်ရာ တိုင်းဒေသကြီးများသို့ ရေနံလက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်းနှင့် ရေနံချက်လုပ်ခြင်းဆိုင်ရာ လုပ်ငန်းလိုင်စင်များအား ဆိုင်းငံ့ထားရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ပါသည်။

ယနေ့အချိန်တွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုလက်ဝယ်သို့ ရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ရေနံလက်ယက်တွင်းများ တူးဖော်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်ဆွေးနွေးလျက်ရှိပြီး စွမ်းအင်ဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၊ ခေတ်မီနည်းပညာများ၊ ခေတ်မီစက်ကိရိယာများ ပေါင်းစပ်အသုံးပြုပြီး Standard Well (နည်းစနစ်ကျတွင်း)များ တူးဖော်ခြင်းကို လုပ်ငန်းရှင်များအား ဆောင်ရွက်စေရန် အစီအမံများ ပြုလုပ်လျက်ရှိပါသည်။ ရရှိလာသည့် ရေနံစိမ်းများကိုလည်း လျော်ကန်သင့်မြတ်သည့် ဈေးနှုန်းသတ်မှတ်၍ ဝယ်ယူပြီး နိုင်ငံပိုင်ရေနံချက်စက်ရုံကြီးများတွင် ချက်လုပ်ကာ သုံးစွဲသူပြည်သူလူထုထံသို့ တိုက်ရိုက်ရောင်းချပေးသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စနစ်မကျသည့် ရေနံလက်ယက်တွင်းများတူးဖော်ခြင်းကြောင့် မြေအောက်ရေနံသဲကြော (Reservoir)များနှင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးခြင်း၊ ရေနံတွင်းများ ပေါက်ကွဲမီးလောင်မှုကြောင့် ရေနံလုပ်သားများ အန္တရာယ်ဖြစ်ပေါ်ခြင်း၊ ရေနံသိုက်များ အချိန်မတိုင်မီ ပျက်စီးခြင်းနှင့် တွင်းသက်တမ်းတိုခြင်း၊ ရေနံခိုအောင်းလွှာများ ပျက်စီးယိုစိမ့်မှု (သို့မဟုတ်) ဟိုက်ဒရိုကာဗွန်များကို အချိန်မတန်မီရွှေ့ပြောင်းမှုများဖြစ်ပေါ်စေခြင်း၊ ဂေဟစနစ်ဆိုင်ရာ ဟန်ချက်ညီမှုကို ထိခိုက်စေခြင်း၊ မြေအောက်ရေအရည်အသွေးကို ဆိုးဆိုးရွားရွား ထိခိုက်စေခြင်း၊ လူမှုအသိုက်အဝန်းများအတွက် ကျန်းမာရေးပြဿနာများ ဖြစ်ပေါ်စေခြင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့သယံဇာတများ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခြင်း စသည့် မလိုလားအပ်သော ဆုံးရှုံးနစ်နာမှုများ ပပျောက်စေပြီး အကန့်အသတ်နှင့်သာ ထုတ်ယူနိုင်သော တန်ဖိုးရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့များကို ပြည်သူလူထုအနေဖြင့် ထိုက်တန်စွာအသုံးပြုခွင့်ရရှိနိုင်ရေး စွမ်းအင်ဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ပြည်တွင်းလုပ်ငန်းရှင်များအား ယခင် လက်ယက်တွင်းများ တူးဖော်ခဲ့သည့် ရေနံမြေများတွင် Standard Well (နည်းစနစ်ကျတွင်း)များ တူးဖော်နိုင်သည့်အခွင့်အလမ်းများ ရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်များကို သယံဇာတပိုင်ရှင် ပြည်သူအများ သိရှိနိုင်စေရန် တင်ပြလိုက်ရပါသည်။ ။


ကျမ်းကိုးစာရင်း

၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၁၀)၊ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၁၉၆၆။

၂။ မြန်မာမင်းများလက်ထက် စက်မှုလက်မှုလုပ်ငန်းသမိုင်း၊ ရန်ကုန်မြို့၊ အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ ၁၉၈၉။

၃။ ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေ၊ ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅ ၁၇-၇-၂၀၁၇။

၄။ ရေနံလက်ယက်တွင်းဆိုင်ရာ နည်းဥပဒေ၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၂၇/၂၀၂၀၊ ၄-၆-၂၀၂၀။

# မဲပေးပိုင်ခွင့်ရှိသူတိုင်း နိုင်ငံသားကတ်ပြားကိုင်ဆောင် မဲပေးနိုင်ကြမည်ဖြစ်သည့်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်





**နေပြည်တော် ဖေဖော်ဝါရီ ၇**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ပြည်ထောင်စုနယ်မြေ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နှင့်အတူ ယနေ့ နံနက် ၉ နာရီခွဲက နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်းရှိ ပြည်ထောင်စုနယ်မြေ၊ ခရိုင်၊ မြို့နယ် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်သည်။

ဦးစွာ မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်း အရာသန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းများကို ထုတ်ပြန်ခဲ့ပြီးဖြစ်ရာ ယင်းလူဦးရေစာရင်းနှင့် မြေပြင်ကွင်းဆင်းကောက်ယူခဲ့သည့် လူဦးရေစာရင်း အချက်အလက်များကို နှိုင်းယှဉ်သုံးသပ်ကာ ပြည့်စုံမှန်ကန်သည့်မဲစာရင်းကို ပြုစုဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ နှိုင်းယှဉ်သုံးသပ်မှုများအရ ရရှိလာသည့် အတည်ပြုလူဦးရေစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့ရာတွင် အချက်အလက်ကွဲလွဲမှုနှင့်မပြည့်စုံမှု၊ အချက်အလက် ထပ်နေမှုနှင့်မပါရှိမှုများ မဖြစ်စေရေးအတွက် အောက်ခြေမြို့နယ်အဆင့်မှ စနစ်တကျတိုက်ဆိုင် စိစစ်၍ ခရိုင်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဝင်များက စနစ်တကျပြန်လည်စိစစ် အတည်ပြုကာ သတ်မှတ်ရက်အရောက်ပေးပို့ကြရန် လိုအပ်ပါကြောင်း။

ယခုအခါ ဒေသအချို့၌ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များ၊ သဘာဝဘေးအန္တရာယ်များကြောင့် ယာယီနေရပ်စွန့်ခွာ ရွှေ့ပြောင်းသွားလာနေထိုင်မှုများရှိနေကြပြီး ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း၌လည်း အခြားဒေသအချို့မှ ယာယီရွှေ့ပြောင်းနေထိုင်မှုများရှိနေသည့်အတွက် ယင်းတို့၏ စာရင်းအချက်အလက်များ တိကျမှန်ကန်စွာ ရရှိရေးဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့်ပတ်သက်၍ ဥပဒေနှင့်ကိုက်ညီသူများ မဲစာရင်းတွင်ပါဝင်စေရေး၊ မဲစာရင်းတစ်နေရာထက် ပိုမိုပါဝင်မှုမရှိစေရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အပြန်အလှန်ဆက်စပ်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ ပြည့်စုံပြီး တိကျမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိနိုင်မည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူတိုင်း နိုင်ငံသားကတ်ပြားကိုင်ဆောင် မဲပေးနိုင်ကြမည်ဖြစ်သည့်အတွက် ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပြည်ထောင်စုနယ်မြေ(နေပြည်တော်)အတွင်း မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရရှိသည့် လူဦးရေ အချက်အလက်များ ကွဲလွဲမှုမရှိစေရေး၊ ပြည့်စုံမှန်ကန်ရေးအတွက် စိစစ်ပြင်ဆင်ဆောင်ရွက်နေမှု၊ ပန်းခင်း စီမံချက် အဆင့်(၃) လျှာထား သတ်မှတ်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ယာယီရွှေ့ပြောင်းနေထိုင်လာသူများကို စာရင်းကောက်ယူ ပြုစုဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တာဝန်ရှိသူများကလုပ်ငန်းများ အောင်မြင်ရေးအတွက်ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ မဲစာရင်းမှန်ကန်ရေးနှင့် ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဥတ္တရသီရိမြို့နယ် မိုးစွေကျေးရွာရှိ အခြေခံပညာ အထက်တန်းကျောင်း(မိုးစွေ) သို့ သွားရောက်၍ အဆိုပါကျောင်း ဘုရင့်နောင်ဆောင်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဥတ္တရသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက်ပြည့်မီသည့် ကျောင်းသား ကျောင်းသူများ၊ နယ်မြေခံတပ်နယ်မှ မိသားစုဝင်များနှင့် မိုးစွေကျေးရွာမှ ဒေသခံပြည်သူများ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စိစစ်ဆောင်ရွက်ပေးနေမှုနှင့် နိုင်ငံသားကတ်ပြားရရှိသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက်(Biometric) ကောက်ယူ၍ ဂဏန်း(၁၀)လုံးပါ Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မိုးစွေကျေးရွာရှိဥတ္တရာရာမတပ်ဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိစိတ္တာနန္ဒအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁)ကြိမ်မြောက်အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက် အစည်းအဝေးကို ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ ကျင်းပရာ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ မြန်မာနိုင်ငံ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ယင်း အစည်းအဝေးနှင့် ဆက်စပ်၍ အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ် အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့၏ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်းနှင့်စပ်လျဉ်းသည့် မဟာဗျူဟာစီမံချက် မူကြမ်း ရေးဆွဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုကျင်းပပြီး ဆွေးနွေးရန် ကျန်ရှိနေသည့် နယ်ပယ်များကို အပြီးသတ် ဆက်လက်ညှိနှိုင်း ဆွေးနွေးခဲ့ရာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးခဲ့သည်။

အဆင့်မြင့်လုပ်ငန်းအဖွဲ့၏ (၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် မလေးရှားနိုင်ငံနှင့် အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် ဖိလစ်ပိုင်နိုင်ငံတို့မှ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အဆင့်မြင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ တီမောလက်စတေ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံစီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ ပူးတွဲဥက္ကဋ္ဌ၊ အာဆီယံလူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဟာဗျူဟာစီမံချက်ရေးဆွဲရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ပူးတွဲဥက္ကဋ္ဌများနှင့် အာဆီယံပေါင်းစည်း ဆက်သွယ်ညှိနှိုင်းရေးဆိုင်ရာ ကော်မတီပူးတွဲဥက္ကဋ္ဌ၊ ပြန်ကြားရေးဆိုင်ရာ အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး ဥက္ကဋ္ဌတို့နှင့် မျက်နှာစုံညီအစည်းအဝေး ပြုလုပ်ရာ သက်ဆိုင်ရာမဏ္ဍိုင်များမှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ မဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု၏ ဖြစ်ပေါ် တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးခဲ့ကြပြီး မဟာဗျူဟာစီမံချက်များ ရေးဆွဲမှုအပေါ်အမြင်ချင်း ဖလှယ်ခဲ့ကြသည်။ ထို့နောက် အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် မဏ္ဍိုင်(၃)ရပ်လုံးနှင့် သက်ဆိုင်ရာ လုပ်ငန်းစဉ်များအား ထိရောက်စွာ အကောင်အထည်ဖော်ရေး နည်းလမ်းများအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေး၌ အဓိကထား ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များမှာ ၂၀၂၅ ခုနှစ် မေလ၌ ကျင်းပမည့် (၄၆) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် ထုတ်ပြန်မည့် အာဆီယံအသိုက်အဝန်း ၂၀၄၅ ကွာလာလမ်ပူကြေညာချက်၊ အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် ၂၀၄၅ ၏ နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ မဟာဗျူဟာစီမံချက်၊ အာဆီယံအဖွဲ့အစည်း ပိုမိုခိုင်မာအားကောင်းစေရေးဆိုင်ရာ မဟာဗျူဟာလုပ်ငန်းစဉ်များ၊ မဏ္ဍိုင်များအကြား ပူးပေါင်းဆောင်ရွက်ရမည့် မဟာဗျူဟာလုပ်ငန်းစဉ်များ၊ အဆိုပါမဟာဗျူဟာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်မှုအပေါ် စောင့်ကြည့်လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေးယန္တရားနှင့် သက်ဆိုင်ရာမဏ္ဍိုင်အလိုက် မဟာဗျူဟာစီမံကိန်းများ ရေးဆွဲမှု၏ ဖြစ်ပေါ် တိုးတက်မှုအခြေအနေတို့ ဖြစ်ကြောင်း သိရသည်။

လာမည့် ၂၀၂၅ ခုနှစ် မတ်လတွင် မလေးရှားနိုင်ငံ ပီနန်းမြို့တွင် ကျင်းပမည့် (၂၂)ကြိမ်မြောက် အစည်းအဝေးတွင် မဟာဗျူဟာလုပ်ငန်းစဉ်များ သက်ဆိုင်ရာ မဏ္ဍိုင်များအကြား ဟန်ချက်ညီညီ အကောင်အထည် ဖော်နိုင်ရေး၊ ထပ်မနေစေရေး၊ မဟာဗျူဟာ စီမံချက်များ အကောင်အထည်ဖော်ရာတွင် ဦးဆောင်ဦးရွက်ပြုမည့်အဖွဲ့အစည်းများနှင့် မဏ္ဍိုင်များ သတ်မှတ်ရေး၊ ကဏ္ဍများအကြား အချိတ်အဆက်မိရေးနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များအတွက် စောင့်ကြည့် လေ့လာရေးနှင့် ပြန်လည်သုံးသပ်ရေး ယန္တရားနှင့် စပ်လျဉ်းသည့်ကိစ္စများကို ဆက်လက် ဆွေးနွေးညှိနှိုင်းပြီး ၂၀၂၅ ခုနှစ် မေလတွင် ကျင်းပမည့် (၄၆)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် အချိန်မီအတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားရန်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# အခုလိုပြပွဲကျင်းပပေးတော့ တစ်နိုင်ငံလုံးက တစ်နေရာတည်းမှာ စုစည်းပြီး လုပ်ငန်းအတွက် လိုအပ်တာတွေ ဖလှယ်ခွင့်ရတယ်

**ဒေါ်မိုးသူဇာ**


ဒေါ်နန်းလင်းဟွမ်


ဒေါ်မိုးသူဇာ


ဒေါ်မော်မော်အေး


ဦးမြင့်ဝင်း

**နေပြည်တော် ဖေဖော်ဝါရီ ၇**

(၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME ထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းထုတ်ကုန်များ၊ ရိုးရာအစားအစာများ ခင်းကျင်းပြသရောင်းချသွားမည့်အပြင် ဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ထို့ကြောင့် ပြပွဲအတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဒေသထွက် MSME ထုတ်ကုန်များ၊ ရိုးရာအစားအစာများကို တစ်နေရာတည်းတွင် လေ့လာဝယ်ယူစားသုံးနိုင်ပြီး တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ထုတ်ကုန်များ ပါဝင်ပြသနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်ရန် တွေ့ဆုံမေးမြန်းရေးသားတင်ပြလိုက်ရပါသည် -

**ဒေါ်နန်းလင်းဟွမ်**

**Commercial Director၊ Pounamu Bamboo Design & Construction**

**ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း**

ကျွန်မတို့အနေနဲ့ ဝါးဒီဇိုင်းနဲ့ ဆောက်လုပ်ရေးလုပ်ငန်းကို ဆောင်ရွက်နေတာ သက်တမ်း ၉ နှစ်ရှိပါပြီ။ ဝါးပရိဘောဂတွေ ထုတ်လုပ်တာကတော့ လေးနှစ်လောက်ပဲ ရှိပါတယ်။ ကျွန်မတို့ ဝါးတွေဟာ ကြာရှည်ခံပါတယ်။ ပိုးမထိုးအောင် ပေါင်းပြီး အသုံးပြုဆောင်ရွက်တာဖြစ်ပါတယ်။ indoor သုံးပစ္စည်းတွေဆိုရင် နှစ်ပေါင်းအတော်ကြာ သုံးစွဲနိုင်ပါတယ်။ ကျွန်မတို့ Bamboo design and construction နဲ့ Furniture & Decors Products တွေကိုပဲ အဓိကထုတ်လုပ်တာ ဖြစ်ပါတယ်။ ထုတ်လုပ်လိုက်တဲ့ ပစ္စည်းတွေရဲ့ လက်ရာ၊ အရည်အသွေးတွေကို အကောင်းမွန်ဆုံးနဲ့ နိုင်ငံခြားဈေးကွက်ကို တင်ပို့ရောင်းချနိုင်တဲ့အဆင့်အထိ စနစ်တကျထုတ်လုပ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ဈေးကွက်ခိုင်ခိုင်မာမာရရှိဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ အခုလို ပြပွဲတွေကျင်းပပြီး ပြသခွင့်ရတော့ အထောက်အကူများစွာ ရရှိပါတယ်။

ပစ္စည်းတွေကို အရည်အသွေးကောင်းကောင်းနဲ့ ထုတ်တယ်။ ဒီလိုထုတ်လုပ်နိုင်ပေမယ့် ဘယ်လိုစပြီး ဈေးကွက်ဖောက်ရမလဲဆိုတာ စဉ်းစားလို့မရဘူး။ ရှမ်းပြည်နယ် အစိုးရအဖွဲ့ရဲ့ အားပေးမှုကြောင့် ဒီပွဲမှာ လာပြသခွင့်ရပြီး ကျွန်မတို့ Product ကို လူသိလာမယ်။ ဈေးကွက်ချိတ်ဆက်မှုတွေလည်း ရှိလာမယ်။ ကိုယ်မျှော်မှန်းထားတဲ့ ပြည်ပဈေးကွက်အတွက် MSME ပြပွဲရဲ့ အကူအညီနဲ့ လွယ်ကူချောမွေ့နိုင်မယ်လို့ ထင်မိပါတယ်။ အဓိကကတော့ ကိုယ့်အားတစ်ခုတည်းနဲ့ဆို အရှေ့ကနေးနေပြီး နိုင်ငံတော်ကနေ ပံ့ပိုးပေးတဲ့ MSME အခန်းကဏ္ဍအကူအညီနဲ့ကျတော့ အရှေ့မြန်သွားတယ်လို့ ခံစားရပါတယ်။

**ဒေါ်မိုးသူဇာ**

**ခါတော်ဦးပဲကြော်၊ လက်ဖက်ရောင်းဝယ်ရေးလုပ်ငန်း**

**မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း**

ဒီနှစ်မှာ ကျွန်မတို့လို MSME လုပ်ငန်းတွေကို Wholesale တွေနဲ့ ချိတ်ဆက်လို့ရအောင် စီစဉ်ပေးတာကတော့ အထူးဝမ်းသာရပါတယ်။ ကျွန်မတို့ မကွေးတိုင်းဒေသကြီးက မြေပဲအပါအဝင် ပဲမျိုးစုံထွက်ရှိတယ်။ အဲဒီတော့ ပဲကြော်လုပ်ငန်းဆိုတာ အများကြီးရှိတယ်။ ဒီလိုလုပ်ငန်းတွေတူရင် ကိုယ့်ဘက်က တီထွင်ဆန်းသစ်မှုနဲ့ ဝန်ဆောင်မှုကိုပိုပြီး အားစိုက်ထည့်ရတယ်။ ဒ့ါကြောင့် ကျွန်မရဲ့ကုန်ပစ္စည်း ပဲကြော်အတွက် ပဲဆီသန့်ကိုပဲ သုံးတယ်၊ စားသုံးသူကို ဝယ်ယူချင်အောင် ထုပ်ပိုးမှုကို စနစ်တကျလုပ်တယ်။ စားသုံးသူအတွက် ကိုယ့်ထုတ်ကုန်အပေါ် အပြည့်အဝအားစိုက်ပေးထားပေမယ့် ဈေးကွက်ချဲ့နိုင်ဖို့ကလည်း လိုအပ်ပါတယ်။

ဒီလိုပြပွဲတွေ ကျင်းပပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းတွေ ဈေးကွက်ချဲ့ထွင်နိုင်တယ်။ ဖောက်သည်အသစ်တွေ ရတယ်။ ကိုယ့်လုပ်ငန်းအတွက် ကိုယ်တစ်ဦးတစ်ယောက်ထဲ ကြိုးစားပြီး ဒီလိုဈေးကွက်ချဲ့ထွင်နိုင်ဖို့က မလွယ်ကူပါဘူး။ အခုလို ပြပွဲကျင်းပပေးတော့ တစ်နိုင်ငံလုံးက တစ်နေရာတည်းမှာ စုစည်းပြီး လုပ်ငန်းအတွက် လိုအပ်တာတွေ ဖလှယ်ခွင့်ရတယ်။ ဒီလို ဖလှယ်ခွင့်ရအောင်လည်း လုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုတွေ၊ ပြည်ပပို့ကုန်အဖြစ် ပို့နိုင်အောင် အချိတ်အဆက်တွေ၊ ဘဏ်ကိစ္စရပ်တွေကို အလွယ်တကူဆောင်ရွက်နိုင်အောင် ပြပွဲနဲ့အတူ စီစဉ်ပေးထားတော့ ပိုပြီးအဆင်ပြေသွားပါတယ်။ MSME လုပ်ငန်းတွေကို အားပေးတဲ့ ဒီလိုပြပွဲမျိုးတွေ၊ အစီအစဉ်မျိုးတွေ အမြဲရှိစေချင်ပါတယ်။ ဒီလို စီစဉ်ဆောင်ရွက်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**ဒေါ်မော်မော်အေး**

**Royal မမော် မောတောင်ကော်ဖီနှင့် ဒေသထွက်ကုန်များ**

**တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း**

MSMEထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲမှာ ကျွန်မအနေနဲ့ တနင်္သာရီတိုင်းဒေသကြီး ဒေသထွက်ကုန်ဖြစ်တဲ့ မောတောင်ကော်ဖီကို ပါဝင်ပြသသွားမှာဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီးက မိုးရွာသွန်းမှုများပြီး အီကွေတာရာသီဥတုရှိတဲ့အတွက် မြေပြန့်ကော်ဖီ (ရိုဘတ်စတာ) ကော်ဖီမျိုးကွဲ စိုက်ပျိုးဖြစ်ထွန်းတဲ့ ဒေသဖြစ်ပါတယ်။ မောတောင်ဒေသခြံထွက် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ထားတဲ့ ကော်ဖီစေ့၊ နှပ်ကော်ဖီမှုန့်နဲ့ ပြည်ပကို ကျွန်မတို့က ကုန်ကြမ်းတင်သွင်းပြီး ပြည်ပကနေထုပ်ပိုးထားတဲ့ 3in1 အသင့်ဖျော် ကော်ဖီထုပ်တွေလည်း ပါဝင်ပြသမှာဖြစ်ပါတယ်။

လက်ရှိဈေးကွက်အနေနဲ့ မြိတ်၊ ထားဝယ်၊ ကော့သောင်းနဲ့ရန်ကုန်မှာ အဓိက ရောင်းချလျက်ရှိပါတယ်။ အခု MSME ပြပွဲကတစ်ဆင့် စူပါမားကတ်တွေနဲ့ ချိတ်ဆက်ပြီး နိုင်ငံတစ်ဝန်းလုံးကို ဖြန့်ဖြူးရောင်းချနိုင်ဖို့ ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ပိုမိုအမျိုးအစားစုံလင်တဲ့ Royal မမော်အဆင့်မြင့်ထုတ်ကုန်တွေကို နိုင်ငံအတွင်းသာမက ပြည်ပနိုင်ငံတွေကိုပါ တင်ပို့ရောင်းချနိုင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးမြင့်ဝင်း**

**Manufacturing Director၊ Super Seven Stars Industrial Development ကုမ္ပဏီပြခန်း**

မြန်မာနိုင်ငံ အနာဂတ် စက်မှုနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့၊ MSME လုပ်ငန်းတွေအတွက် နိုင်ငံတကာ ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့်ထိုးဖောက်နိုင်ဖို့၊ ထုပ်ပိုးမှုနည်းပညာ စက်ပစ္စည်းတွေ၊ စားသုံးဆီထုတ်လုပ်မှု၊ အဖျော်ယမကာနဲ့ အရည်အမျိုးမျိုးထုတ်လုပ်မှု၊ အာလူးကြော်၊ အကြော်မုန့် ထုတ်လုပ်မှုတွေအပြင် စက်ရုံ ကုန်ထုတ်လုပ်မှုတွေမှာ အစားထိုးလောင်စာတောင့်၊ တိရစ္ဆာန်အစားအစာ ထုတ်လုပ်ခြင်းနဲ့ အလေအလွင့် သစ်အပိုင်းအစတွေကို အသုံးပြုပြီး ပရိဘောဂသုံးသစ်ပြားတွေ ထုတ်လုပ်ပေးမယ့် နည်းပညာမြင့် စက်ပစ္စည်းတွေကို ပြသပေးသွားမှာ ဖြစ်ပါတယ်။

နည်းပညာတွေက အချိန်နဲ့အမျှ ပြောင်းလဲတိုးတက်နေတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ဒီနည်းပညာတွေကို အသုံးပြုပြီး အရည်အသွေးပြည့်မီတဲ့ ထုတ်ကုန်တွေကို အရေအတွက် မြင့်မားစွာ ဘယ်လိုထုတ်လုပ်နိုင်တယ်ဆိုတာကို ပြသမျှဝေလိုတယ်။ အခု လက်ရှိလုပ်ကိုင်နေတဲ့ MSME လုပ်ငန်းရှင်တွေအပြင် လုပ်ငန်းရပ်အသစ်တွေ စတင်ဆောင်ရွက်မယ့် MSME လုပ်ငန်းရှင်အသစ်တွေအတွက်လည်း အခုပြသမယ့် စက်ပစ္စည်းတွေက အထောက်အကူပြုပါလိမ့်မယ်။

ကျွန်တော်တို့အနေနဲ့ MSME လုပ်ငန်းရှင်တွေကို အသိပေးလိုတဲ့ အဓိကအချက်က ရင်းနှီးမြှုပ်နှံမှုနည်းနည်းနဲ့ အဆင့်အတန်းပြည့်မီတဲ့ လုပ်ငန်းတစ်ခုကို တည်ထောင်နိုင်ဖို့ ဒီစက်ပစ္စည်းတွေက ကူညီပေးနိုင်တယ်ဆိုတဲ့ အချက်ပါ။ ဒါကြောင့် ကျွန်တော်တို့ပြခန်းကို လာရောက်လေ့လာဖို့လည်း ဖိတ်ခေါ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် MSME လုပ်ငန်းတွေက အခြေခံကျတယ်၊ ဒီလုပ်ငန်းကွင်းဆက်တစ်လျှောက်လုံး ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။ အဲဒီအတွက် ခိုင်မာတဲ့ဈေးကွက်တစ်ခုကို ဖော်ဆောင်ပေးဖို့ လိုအပ်ပါတယ်။ MSME လုပ်ငန်းရှင်တွေအနေနဲ့ ခေတ်မီနည်းပညာတွေကို မျက်ခြည်မပြတ်လေ့လာအသုံးချဖို့ လိုအပ်ပါတယ်။ တစ်ဖက်ကလည်း နည်းပညာနဲ့ စက်ပစ္စည်းတွေ ရင်းနှီးမြှုပ်နှံအသုံးပြုနိုင်ဖို့ နိုင်ငံတော်အနေနဲ့ MSME လုပ်ငန်းရှင်တွေကို ဘက်စုံထောင့်စုံမှ ဝိုင်းဝန်းကူညီပေးစေလိုပါတယ်။

**တွေ့ဆုံမေးမြန်း-ဝင်းဝင်းမင်း**

**ဓာတ်ပုံ-ဖိုးပြည့်စုံ**

## ပခုက္ကူမြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်




**ပခုက္ကူ ဖေဖော်ဝါရီ ၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဖေဖော်ဝါရီ ၅ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီ အရောင်းဆိုင် တာဝန်ရှိသူများကို မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ စနစ်တကျထားရှိရေး၊ မီးသတ်ဆေးဘူးများ စနစ်တကျ ကိုင်တွယ် အသုံးပြုတတ်စေရေး၊ ရေကန်နှင့်ရေစင်များကို ရေအပြည့်ဖြည့်တင်းထားရှိရေးတို့ကို အသိပညာပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)


လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပျော်ဘွယ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ပန်းခင်းစီမံချက် (၃)ဖြင့် ဖေဖော်ဝါရီ ၄ ရက်က ညောင်ကုန်း(မ)ကျေးရွာ၌ ကျေးရွာပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များရရှိအောင် ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ မောင်မွှေး

# နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်မှုနှင့် အခြားဒုစရိုက်လုပ်ငန်းများကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်သူ့စစ်မှုထမ်းဆိုင်ရာ မေးမြန်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

၇-၂-၂၀၂၅

ဒီနေ့မှာတော့ မီဒီယာတွေ မေးမြန်းနေကြတဲ့ အွန်လိုင်းလိမ်လည်မှုနဲ့ အခြားဒုစရိုက်လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရအနေနဲ့ နှိမ်နင်းနေတဲ့အခြေအနေနှင့် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး မေးမြန်းထားတာတွေကို ပြန်လည်ဖြေကြားသွားပါမယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအစိုးရအနေနဲ့ တရားမဝင် အွန်လိုင်းလောင်းကစား ငွေကြေးလိမ်လည်မှု ကျားဖြန့်နဲ့ အခြားဒုစရိုက်လုပ်ငန်းတွေကို နိုင်ငံတကာနဲ့ပူးပေါင်းပြီး ကျယ်ကျယ်ပြန့်ပြန့် နှိမ်နင်း ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှာလည်း ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ဝန်ကြီးချုပ်တွေကို တရားမဝင် အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှု ကျားဖြန့်ကိုအကြောင်းပြုပြီး နိုင်ငံတော်မှာအခက်အခဲတွေဖြစ်ပေါ်နေတဲ့အတွက် ထိထိရောက်ရောက် အရေးယူမှုတွေ ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ နိုင်ငံတကာနဲ့ပူးပေါင်းပြီး အဲဒီဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိကြောင်းလည်း ပြောကြားခဲ့ပါတယ်။ တရားမဝင် အွန်လိုင်းလောင်းကစားနဲ့ ငွေကြေးလိမ်လည်မှုလုပ်ငန်းတွေ အခြားဒုစရိုက်လုပ်ငန်းတွေမရှိစေရေး မဖြစ်ပေါ်စေရေးအတွက် ဖော်ထုတ်အရေးယူခြင်းတွေကို တင်းတင်းကျပ်ကျပ် ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်သွားကြဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။ ၎င်းအပြင်မူးယစ်ဆေးဝါးကိစ္စတွေ၊ အခြားဒုစရိုက်မှုတွေပါ ပါဝင်ဆောင်ရွက်နေသူတွေအပြင် သက်ဆိုင်ရာနယ်မြေအလိုက် တာဝန်ရှိသူတွေ ပတ်သက်နေလို့ရှိရင် အားလုံးကိုထိရောက်စွာ အရေးယူဆောင်ရွက်သွားမှာဖြစ်ကြောင်း အားလုံးက အလေးထားလိုက်နာဆောင်ရွက်သွားကြဖို့ လေးနက်စွာ ပြောကြားခဲ့ပါတယ်။ အွန်လိုင်းလောင်းကစားမှုတွေနဲ့ပတ်သက်ပြီး နှိမ်နင်းရေးတွေ ဆောင်ရွက်ရာမှာ ထိုင်း-မြန်မာနယ်စပ်ဒေသဖြစ်တဲ့ မြဝတီမြို့အနီး ရွှေကုက္ကိုနဲ့ KK Park နယ်မြေအတွင်းမှာလည်း အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုတွေ ကျူးလွန်ဖို့ အဓမ္မလူကုန်ကူးခြင်းခံရတဲ့ တရုတ်နိုင်ငံသား ၃၉ ဦး၊ ကာဇက်စတန်နိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ငါးဦး၊ အီသီယိုးပီးယားနိုင်ငံသား တစ်ဦး၊ ပါကစ္စတန်နိုင်ငံသား တစ်ဦး၊ မလေးရှားနိုင်ငံသား တစ်ဦး၊ အိန္ဒိယနိုင်ငံသား ၁၃ ဦး စုစုပေါင်း ၆၁ ဦးတို့ကို ဖော်ထုတ်ရရှိပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ မြန်မာနိုင်ငံတော်အစိုးရ တာဝန်ရှိတဲ့သူတွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူတွေက ထိုင်းနိုင်ငံဘက်က တာဝန်ရှိသူတွေကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ၎င်းတို့ကို စစ်ဆေးမေးမြန်းချက်များအရ သူတို့သည် ကွန်ပျူတာနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေ၊ ဘာသာပြန်လုပ်ငန်းတွေမှာ လစာတွေအများအပြား လုပ်ကိုင်ရမည်ဟု အွန်လိုင်းကနေတစ်ဆင့် သွေးဆောင်စည်းရုံးခြင်း၊ မက်လုံးပေးသိမ်းသွင်းခြင်း၊ လိမ်လည်ခြင်းခံခဲ့ရကြောင်း သိရပါတယ်။ သူတို့က သက်ဆိုင်ရာနိုင်ငံအသီးသီးကနေ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ၎င်းမှတစ်ဆင့် မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်တဲ့ မဲဆောက်မြို့ကို ကနဦးရောက်ရှိလာပြီး တရားမဝင် ကျားဖြန့်လုပ်ငန်းက ကိုယ်စားလှယ်တွေက ထိုင်း-မြန်မာနယ်စပ်မှာရှိတဲ့ သောင်ရင်းမြစ်ကို တရားမဝင် ဖြတ်ကျော်ခေါ်ဆောင်ပြီး မြဝတီ ရွှေကုက္ကိုနဲ့ KK park နယ်မြေအတွင်း အွန်လိုင်း လိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေမှာ ပါဝင်လုပ်ဆောင်ရန် အတင်းအဓမ္မစေခိုင်းခြင်းခံခဲ့ရကြောင်း သိရှိခဲ့ရပါတယ်။

အလားတူ ရှမ်းပြည်နယ်အရှေ့မြောက် အရှေ့ဘက်တို့မှာလည်း အွန်လိုင်းလိမ်လည်မှု၊ ကျားဖြန့်နဲ့ပတ်သက်တဲ့၊ အခြားဒုစရိုက်မှုတွေနဲ့ ပတ်သက်တဲ့ ဒုစရိုက်မှုတွေကို နိုင်ငံတော်အစိုးရအနေနဲ့ စစ်ဆင်ရေးတစ်ရပ်သဖွယ် ဆောင်ရွက်လျက်ရှိပါတယ်။ ယခုလ ဖေဖော်ဝါရီ ၅ ရက်နေ့မှာ ရှမ်းပြည်နယ် မိုင်းရယ်မြို့ မိုင်းဟာဒေသအတွင်းမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတယ်ဆိုတဲ့ သတင်းအရ လုံခြုံရေးတပ်ဖွဲ့တွေဟာ သွားရောက်ပြီး နယ်မြေစစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ မိုင်းရယ်မြို့နယ် မိုင်းဟာဒေသ နောင်ဟန်ရွာအနီးမှာ ကျားဖြန့်လုပ်ငန်းတွေ ဆောင်ရွက်နေတဲ့ အဆောက်အအုံ ခုနစ်လုံးကို တွေ့ရှိတဲ့အတွက် ဝင်ရောက်ပြီး ရှင်းလင်းခဲ့ရာမှာ လက်နက်တွေ၊ ခဲယမ်းတွေနဲ့အတူ ကျားဖြန့်လုပ်ငန်းတွေ လုပ်ကိုင်ရာမှာအသုံးပြုတဲ့ ဖုန်း ၁၈၁ လုံး၊ လပ်တော့ ၂၅ လုံး၊ Desktop ၂၁ လုံး၊ ကီးဘုတ် ၂၈ ခုနဲ့ ဝိုင်ဖိုင်စက် နှစ်လုံး၊ စတားလင့် အင်တာနက်ဆက်သွယ်ရေးစက် နှစ်စုံနဲ့ ဆိုလာတွေ၊ ဘက်ထရီတွေ ဖမ်းဆီးရမိခဲ့ပါတယ်။

တစ်ချိန်တည်း တစ်ပြိုင်တည်းမှာပဲ မိုင်းရယ်မြို့အရှေ့တောင်ဘက် သတင်းရတဲ့နေရာကို သွားရောက်ရှင်းလင်းတဲ့အခါမှာ ကျားဖြန့်လုပ်ငန်းကို အကာအကွယ်ပေးနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူ ငါးဦးနဲ့ ပစ်ခတ်တာ ခံခဲ့ရပါတယ်။ မိမိဘက်ကလည်း ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ သေဆုံးဒဏ်ရာရရှိမှု အနည်းငယ်ရှိခဲ့ပါတယ်။ အဲဒီမှာတော့ တရုတ်နိုင်ငံသား ကျား ခုနစ်ဦး၊ မ တစ်ဦး၊ မြန်မာနိုင်ငံသား ကျား ရှစ်ဦး၊ မ လေးဦးတို့ကို လက်နက် ခြောက်လက်နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ၎င်းနယ်မြေကို ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ အသေးစိတ်စစ်ဆေးမှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ခဲ့တဲ့နေရာမှာ မိုင်းကောင်ရဲ့ အနောက်တောင်ဘက် နေရာနှစ်နေရာကနေ ထွက်ပြေးတိမ်းရှောင်နေတဲ့ တရုတ်နိုင်ငံသား ကျား သုံးဦး၊ မ တစ်ဦး ထပ်မံဖမ်းဆီးရမိခဲ့ပါတယ်။ ဒါ့အပြင် မိုင်းကောင်ရဲ့ အနောက်တောင်ဘက်ကို ထပ်မံရှာဖွေတဲ့နေရာမှာ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဗီယက်နမ်နိုင်ငံသား မ ၁၈ ဦး၊ မြန်မာနိုင်ငံသား ကျား နှစ်ဦး၊ မ ၂၅ ဦးနဲ့ စုစုပေါင်း ၄၅ ဦးတို့ကို ကွန်ပျူတာ ၇၂ လုံး၊ စတားလင့် အင်တာနက်စက် ငါးလုံး၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊ မော်တော်ယာဉ် နှစ်စီးတို့နဲ့အတူ ဖမ်းဆီးရမိခဲ့ပါတယ်။ ဖမ်းဆီးရမိသူတွေကို လိုအပ်တဲ့ စုံစမ်းစစ်ဆေးမှုတွေပြုလုပ်ပြီး လုပ်ထုံးလုပ်နည်းတွေအတိုင်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီ Online လောင်းကစားမှု၊ ငွေကြေးလိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး နယ်စပ်ဒေသတွေမှာ ဖြစ်ပေါ်နေတဲ့ တရားမဝင် Online လောင်းကစားမှုတွေကို နှိမ်နင်းဆောင်ရွက်လျက်ရှိမှု အခြေအနေတွေနဲ့စပ်လျဉ်းပြီးလည်း မြန်မာနိုင်ငံအစိုးရအနေနဲ့ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အစိုးရအဖွဲ့အစည်းအဝေးမှာ ညွှန်ကြားခဲ့သလို မြန်မာနိုင်ငံအစိုးရအနေနဲ့ Online လိမ်လည်မှု၊ လောင်းကစားမှုတွေဟာ မိမိတို့မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသာမကဘဲနဲ့ လူသားအားလုံးအပေါ်မှာ လိမ်လည်ဖြစ်မှုကျူးလွန်ခြင်း၊ အခြားဆက်စပ်ဖြစ်မှုကျူးလွန်ခြင်းတွေဖြစ်တဲ့အတွက် နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ပြတ်ပြတ်သားသား ချေမှုန်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နောက်တစ်ခုက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူ့စစ်မှုထမ်းနည်းဥပဒေ ထွက်ပေါ်လာပြီးနောက်ပိုင်းမှာ ပြည်ဖျက်မီဒီယာတွေ၊ အကြမ်းဖက်လှုံ့ဆော်သူတွေအနေနဲ့ ပြည်သူလူထုကို ထင်ယောင်ထင်မှားဖြစ်အောင်၊ ကြောက်လန့်အောင် လုပ်ဆောင်လျက်ရှိကြောင်းတွေ့ရှိရပါတယ်။ ပြည်သူ့စစ်မှုထမ်းနည်းဥပဒေနှင့်ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနိုင်စေရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ Website ၊ webportal ၊ ဥပဒေရေးရာဝန်ကြီးဌာနရဲ့ Website ၊ webportal နဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Website ၊ webportal ၊ မြဝတီ webportal ၊ Myanmar National portal တို့မှာ ဖတ်ရှုလေ့လာနိုင်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းကိစ္စတွေနဲ့ ပတ်သက်ပြီး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စတွေနဲ့စပ်လျဉ်းပြီး စုံစမ်းမေးမြန်းတာတွေ၊ မသမာမှုတွေနဲ့ ပတ်သက်ပြီး တိုင်ကြားခြင်းတွေကို တိကျစွာ ဆက်သွယ်သတင်းပေးပို့နိုင်ကြောင်းနဲ့ မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းတွေပြုလုပ်ပါက ဖော်ထုတ်ပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထားတာကို ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ထိုနေရာမှာလည်း Update ပြုလုပ်ပေးထားတဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ဒီနေရာကနေ သတင်းပေးတိုင်ကြားခဲ့လို့လည်း မသမာမှုတွေနဲ့ပတ်သက်ပြီး စုံစမ်းမေးမြန်းခြင်း၊ အရေးယူခြင်းတွေ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေမှာရော နည်းဥပဒေမှာရော အမျိုးသမီး အသက်ဘယ်လောက်၊ အမျိုးသားအသက်ဘယ်လောက်ဆိုတာ ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒါကိုမှုတည်ပြီးတော့ အမျိုးသမီးတွေကို ခြိမ်းခြောက်နေတာမျိုးတွေ ရှိကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အတိအလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေမှာ အမျိုးသမီးတွေ စစ်မှုထမ်းရန်အတွက် အကျုံးဝင်သော်လည်း အမျိုးသမီးပြည်သူ့စစ်မှုထမ်းတွေကို ဆင့်ခေါ်ရန်အစီအစဉ်မရှိသေးကြောင်း ကျွန်တော့်အနေနဲ့ ပြောကြားလိုပါတယ်။




*နိုင်ငံတကာသတင်း*

## အပစ်အခတ်ရပ်စဲချိန်အတွင်း အစ္စရေးက လက်ဘနွန်နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ကို တိုက်ခိုက်

**ဘေရွတ် ဖေဖော်ဝါရီ ၇**

အစ္စရေးက လက်ဘနွန်နိုင်ငံ တောင်ပိုင်းနှင့် အရှေ့ပိုင်းတို့ရှိ နေရာအများအပြားကို ပစ်မှတ်ထားကာ ဖေဖော်ဝါရီ ၆ ရက်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိကြောင်း နိုင်ငံပိုင်အမျိုးသား သတင်းအေဂျင်စီ (အင်န်အင်န်အေ)က ထုတ်ပြန်ထားသည်။

အစ္စရေးတပ်မတော်လေယာဉ်များက လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘာအယ်ဘဲခရိုင်ရှိ ဒေသတစ်ခုနှင့် အရှေ့ဘက်တောင်တန်း၏ အထွတ်အထိပ်သို့ စီးနင်းမှုများ ပြုလုပ်ခဲ့ကြောင်း အင်န်အင်န်အေက ထုတ်ပြန်ထားသည်။ ထို့ပြင် ဒေသစံတော်ချိန် ည ၁၀ နာရီ ၃၅ မိနစ်ခန့်က လက်ဘနွန်နိုင်ငံ တောင်ပိုင်းသို့ ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများစွာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လက်ဘနွန်လက်နက်ကိုင် ဟစ်ဇ်ဘိုလာအုပ်စုနှင့် အစ္စရေးတပ်မတော်တို့အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က စတင်အသက်ဝင်ခဲ့သော်လည်း ယင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါ သဘောတူညီချက်တွင် အစ္စရေးက ရက်ပေါင်း ၆၀ အတွင်း လက်ဘနွန်နယ်မြေမှ ဆုတ်ခွာရမည်ဟု ပြဋ္ဌာန်းထားကြောင်း၊ လက်ဘနွန်တပ်မတော်ကလည်း လက်ဘနွန်-အစ္စရေး နယ်စပ်တစ်လျှောက်နှင့် တောင်ပိုင်းဒေသတွင် တပ်ဖြန့်ထားမည်ဖြစ်ပြီး လက်နက် သို့မဟုတ် စစ်သွေးကြွများ လစ်တာနီမြစ်၏ တောင်ဘက်တွင် မကျန်ရှိစေရန်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီတွင် အစ္စရေး၏ပါဝင်ပတ်သက်မှုကိုရပ်ဆိုင်း

**ဂျေရုဆလင် ဖေဖော်ဝါရီ ၇**

ဘက်လိုက်သည်ဟူသောအကြောင်းပြချက်ဖြင့် ကုလသမဂ္ဂ၏ အဓိကအဖွဲ့အစည်းဖြစ်သော လူ့အခွင့်အရေးအကာအကွယ်ပေးသည့် အဖွဲ့အစည်းတွင် အစ္စရေးပါဝင်ပတ်သက်တော့မည်မဟုတ်ကြောင်း အစ္စရေးဘက်က ပြောကြားသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် အစ္စရေးပါဝင်ပတ်သက်တော့မည်မဟုတ်ဟု ဖေဖော်ဝါရီ ၆ ရက်တွင် အစ္စရေးနိုင်ငံခြားရေးဝန်ကြီး ဂီဒီယွန်ဆာက လူမှုကွန်ရက်မီဒီယာတွင် ရေးသားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူ့အခွင့်အရေးကောင်စီမှ နုတ်ထွက်ကြောင်း အမိန့်တွင် လက်မှတ်ရေးထိုးခဲ့ပြီးနောက် အစ္စရေးဘက်မှ ယခုလိုလှုပ်ရှားမှု ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂ အစ္စရေးအမြဲတမ်းကိုယ်စားလှယ် ဒန်နီရယ်မာရွန်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပါက အဆိုပါအဖွဲ့အစည်းတွင် ပြန်လည်ပါဝင်လာနိုင်ဖွယ်ရှိသည်ဟု ဖေဖော်ဝါရီ ၆ ရက်က သတင်းထောက်များကို ပြောသည်။

အင်န်အိတ်ချ်ကေ

# တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ တိုင်းဒေသကြီးပညာရေးမှူး ဒေါက်တာ ချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချို၊ တိုက်ကြီးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသူအောင်၊ အခြေခံပညာအထက်တန်း ကျောင်း(မြို့မ) ကျောင်းအကျိုးတော်ဆောင် ဦးကျော်ဆန်းလင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းသား ကျောင်းသူများ၏ တိုင်းရင်းသားရိုးရာ အကများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ဖော်ထုတ်ထိန်းသိမ်းသည့် ကပြတင်ဆက်မှုများ၊ စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာပြိုင်ပွဲများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးပြခန်း၊ သိပ္ပံပြခန်းနှင့် လက်မှုအနုပညာပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းနှင့် မြန်မာ့ကျောင်းသီချင်းတို့ဖြင့် သီဆိုတင်ဆက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြား၍ ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်များပေးအပ်လှူဒါန်းရာ တိုက်ကြီးမြို့နယ်ပညာရေးမှူးနှင့် အထက(မြို့မ)ကျောင်းမှ ကျောင်းအုပ်ကြီးတို့က လည်းကောင်း၊ စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောမည့် အမျိုးသားစာပေဆုရှင် စာရေးဆရာကောင်းသန့်အား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ တိုက်ကြီးမြို့နယ်အတွင်းရှိကျောင်း ၂၆ ကျောင်းအတွက် သုတ/ရသစာအုပ်များကိုလည်းကောင်း ပေးအပ်ရာ စာရေးဆရာ ကောင်းသန့်နှင့် ကျောင်းအုပ်ကြီးများက လက်ခံရယူကြသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)သည် တနင်္သာရီကမ်းရိုးတန်း တစ်လျှောက်ရှိ မြို့နယ်၊ ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ဇန်နဝါရီ ၁၆ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား (သီလဝါ) သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ် သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)မှ အထူးကု ဆေးအဖွဲ့များသည် တနင်္သာရီကမ်းရိုးတန်းဒေသများဖြစ်သော ပုလောမြို့နယ် မလိကျွန်း ပတ်ဝန်းကျင်ကျေးရွာများ၊ ကျွန်းစုမြို့နယ် ကျွန်းစုမြို့ ပတ်ဝန်းကျင် ကျေးရွာများ၊ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်း ပတ်ဝန်းကျင် ကျေးရွာများ၊ ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျွန်းပတ်ဝန်းကျင်ကျေးရွာများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် အနီးတစ်ဝိုက်ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နှင့် ချောင်းဝကျေးရွာအနီးဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၇၃၂ ဦး၊ ခွဲစိတ်ရောဂါ ၄၃၉ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၉၉ ဦး၊ ကလေးရောဂါ ၅၂၈ ဦး၊ အရိုးရောဂါ ၈၉၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၆၀၊ မျက်စိရောဂါ ၁၄၀၄ ဦး နှင့် သွားနှင့်ခံတွင်းရောဂါ ၈၀၃ ဦး စုစုပေါင်းဒေသခံပြည်သူ ၆၅၅၉ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၇၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။



ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၂၅၁ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေး လူနာ ၄၃၀၊ ECG စက်ဖြင့်နှလုံးစမ်းသပ်လူနာ ၄၉၉ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၇၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၉၃ ဦးတို့ကိုလည်း သက်ဆိုင်ရာ မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ပြန်လည် ရောက်ရှိလာသည့် တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ဂုဏ်ပြုပေးအပ်ချီးမြှင့်သော လက်ဆောင်ပစ္စည်းများကို နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ဗိုလ်မှူးချုပ် သိန်းထူးက ပေးအပ်ချီးမြှင့်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ် ကမ်းရိုးတန်း ဒေသများနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် ၁၈ ကြိမ်မြောက် ဖြစ်ပြီး ဒေသခံပြည်သူ စုစုပေါင်း ၁၆၃၆၄၆ ဦးတို့ကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ သွားရောက် ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင် မိခင် ၂၂ ဦးအား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်လေ့လာ

**နေပြည်တော် ဖေဖော်ဝါရီ ၇**

၂၀၂၅ ခုနှစ် (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ ဆက်လက်လေ့လာကြသည်။

ဦးစွာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များသည် နေပြည်တော်ဗုဒ္ဓဂယာသို့ ရောက်ရှိကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ မဇ္ဈိမခရီးစဉ် မှတ်တမ်းဓာတ်ပုံများပြခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ ငြိမ်းချမ်းရေးခေါင်းလောင်းတော်ကို တီးခတ်ပူဇော်ကြသည်။

ထို့နောက် မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်အတွင်း လှည့်လည်ဖူးမြော်ကြပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် အမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူကြသည်။

ယင်းနောက်လေ့လာရေးအဖွဲ့သည် နေပြည်တော်ရေပန်းဥယျာဉ်သို့ ရောက်ရှိလေ့လာကြပြီး ရေပန်း၊ သုံးထပ်ရေတံခွန်နှင့် Fountain Park တို့တွင် အမှတ်တရ အလှဓာတ်ပုံများ ရိုက်ကြသည်။



ဆက်လက်၍ လေ့လာရေး အဖွဲ့သည် Junction Centre၊ ကျောက်မျက်ရတနာ ပြတိုက်၊ နက္ခတ်တာရာပြခန်း၊ ဥပ္ပါတသန္တိစေတီတော်နှင့် လွှတ်တော်အဆောက်အအုံတို့သို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်) ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်

**နေပြည်တော် ဖေဖော်ဝါရီ ၇**

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းလုပ်ကိုင်မှုများကို နိုင်ငံတကာနှင့်ပူးပေါင်း၍ ၎င်းဒုစရိုက်မှုနှိမ်နင်းရေးကို တက်ကြွစွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် မိမိတို့ဒေသများအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းများအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများမရှိစေရေး ဖော်ထုတ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်းများကို ပြတ်ပြတ်သားသား ကိုင်တွယ်ဆောင်ရွက်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက တင်းတင်းကျပ်ကျပ် စိစစ်ရှာဖွေဖော်ထုတ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရှာဖွေဖော်ထုတ်ဖမ်းဆီးလျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နယ်အတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှင်းလင်းခဲ့ရာ ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် မိုင်းရယ်မြို့၏ အရှေ့တောင်ဘက် ဝန်းကျင်တွင် ကျားဖြန့်လုံခြုံရေးအဖွဲ့များနှင့် အပြန်အလှန် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်တွင် ကျားဖြန့်လုံခြုံရေးအဖွဲ့မှ အလောင်း ၂ လောင်းနှင့်အတူ ကျားဖြန့်လုံခြုံရေး ၅ ဦး၊ လက်နက်မျိုးစုံ ၆ လက်၊ တရုတ်နိုင်ငံသား အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး၊ အမျိုးသမီး ၄ ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် နောင်ဟန်ကျေးရွာအနီး၌ အဆောက်အဦ ၇ လုံးနှင့် ကျားဖြန့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ ၁၈၁ လုံး၊ Laptop မျိုးစုံ ၂၅ လုံး၊ Destop မျိုးစုံ ၂၁ လုံး၊ Keyboard မျိုးစုံ ၂၈ ခု၊ Wifi စက် ၂ လုံး၊ StarLink ၂ စုံ၊ လုပ်ငန်းသုံး လျှပ်စစ်ဆက်စပ်ပစ္စည်းများ၊ သေနတ် ၁ လက်နှင့် ကျည် ၅ တောင့်တို့အား ထပ်မံဖမ်းဆီးရရှိခဲ့သည်။

၎င်းအပြင် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် အဆိုပါမိုင်းဟဒေသ၊ နောင်ဟန်ကျေးရွာတစ်ဝိုက်မှ တရုတ်နိုင်ငံသား အမျိုးသား ၈ ဦး၊ အမျိုးသမီး ၁ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂ ဦး၊ အမျိုးသမီး ၂၅ ဦးတို့အား တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၂ လုံး၊ StarLink ၅ စုံ၊ ဖုန်းမျိုးစုံ ၇၉ လုံး၊ ငါးဂိမ်းစက် ၅ လုံး၊ မော်တော်ယာဉ် ၂ စီးတို့အား လည်းကောင်း ဖမ်းဆီးရမိခဲ့သည်။ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင်လည်း နောင်ဟန်ကျေးရွာအနီးတစ်ဝိုက်တွင် တရုတ်နိုင်ငံသား အမျိုးသား ၁၂ ဦး၊ Alphard မော်တော်ယာဉ် ၁ စီး၊ မီးစက် ၁ လုံး ထပ်မံဖမ်းဆီးရရှိခဲ့သည်။

မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း ဖေဖော်ဝါရီလ ၅ ရက်နေ့မှ ၇ ရက်နေ့အထိ ဖမ်းဆီးရမိမှုအနေဖြင့် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂ ဦး၊ ပေါင်း ၂၉ ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၅ ဦး၊ အမျိုးသမီး ၂၉ ဦး၊ ပေါင်း ၃၄ ဦး၊ စုစုပေါင်း ၈၁ ဦး ဖမ်းဆီးရမိခဲ့သည်။ *စာမျက်နှာ ၁၈ သို့*

တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) လုပ်ငန်းမှ ဖမ်းဆီးရမိသည့်လုံခြုံရေးအဖွဲ့များနှင့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။













တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အသုံးပြုသည့် အဆောက်အဦများ မှတ်တမ်းဓာတ်ပုံ။


တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များပုံ။



တရုတ်နိုင်ငံသား အမျိုးသား ၇ ဦး၊ အမျိုးသမီး ၁ ဦး



မြန်မာနိုင်ငံသား အမျိုးသား ၃ ဦး၊ အမျိုးသမီး ၄ ဦး





တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အသုံးပြုသည့် အဆောက်အဦများနှင့် ဖမ်းဆီးရမိသည့် ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။




မိုင်းရယ်မြို့နယ်၊ မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု(ကျားဖြန့်)လုပ်ငန်း လုပ်ဆောင်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များပုံ။



တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်)လုပ်ငန်းမှ အဖွဲ့ဝင်များပုံ။





ဖမ်းဆီးရမိ ဗီယက်နမ်နိုင်ငံသား(မ) (၁၈)ဦး



ဖမ်းဆီးရမိသူများ (ကျား ၂၊ မ ၂၅) (၂၇)ဦး

## မော်ဘီခရိုင်၌ မူကြိုကလေးငယ်များ၏ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲကျင်းပ

**မော်ဘီ ဖေဖော်ဝါရီ ၇**
ရန်ကုန်တိုင်းဒေသကြီး မော်ဘီ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကျင်းပသော မူကြိုကလေးငယ်များ၏ ကာယဉာဏ စွမ်းရည်ပြိုင်ပွဲကို ယမန်နေ့က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ပြိုင်ပွဲတွင် မော်ဘီမြို့နယ် မူကြိုမှ ကလေးငယ်များက ကာယဉာဏစွမ်းရည် ပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မော်ဘီ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ တိုက်ကြီး၊ ကမာရွတ်ခရိုင်များမှ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းမှ ဆရာမနှင့် ကျောင်းသားမိဘများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကောင်းမြတ်သူ(မော်ဘီ)**

## ဖျာပုံမြို့၌ ပဆင– ရှမ်းကွင်းကြီး ကွန်ကရစ်လမ်းသစ်ဖွင့်

**ဖျာပုံ ဖေဖော်ဝါရီ ၇**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ရှမ်းကွင်းကြီးကျေးရွာ၌ (၇၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအား ဖြင့် ပဆင – ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ဖေဖော်ဝါရီ ၆ ရက်က အဆိုပါ ကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေမျိုးအောင်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းက ပဆင– ရှမ်းကွင်းကြီးလမ်း ကွန်ကရစ်လမ်းသစ် ဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကွန်ကရစ်လမ်းသစ်ကို တိုင်းဒေသကြီးဝန်ကြီး၊ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ)နှင့် ဖျာပုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀/တောင်၊ မြေကွက်အမှတ်-၂၀၂/က၊ ဧရိယာ (၃၀ ပေx ၄၀ ပေ) မြေကွက်တည်နေရာအမှတ်-၂၀၂/က၊ ခရေလမ်းသွယ်(၁)လမ်း၊ ၁၀/တောင်၊ ၁၃/ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဘသောင်း (Kpu-၀၀၉၉၉၈) အမည်ပေါက်၊ နှစ်(၆၀) မြေငှားဂရန်မြေအား ဦးခင်အောင်ဇော်၊ ဒေါ်ခိုင်ခိုင်ကျော်ခင်တို့မှ တရားလိုပြုလုပ်၍ အမည်ပေါက် ဦးဘသောင်းအား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး တရားမကြီးမှုအမှတ်-၁၁/၂၀၂၀ဖြင့် ပဋိညာဉ်အတိုင်း မြေနှင့်အိမ် အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် ၄-၃-၂၀၂၁ ရက်စွဲပါ စီရင်ချက်တာဝန်ခံမိတ္တူမှန်၊ တရားမဇာရီမှုအမှတ်-၆၂/ ၂၀၂၂ ဖြင့် ဘိလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် ၂၇-၆-၂၀၂၂ ရက်စွဲပါ တရားရုံး နေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ဒေါပုံမြို့နယ်တရားရုံးမှ ၂၁-၆-၂၀၂၃ ရက်စွဲပါစာအမှတ် ၁၃၄/၂၀၂၃(၁၃-၁-၂၀၂၃) ဖြင့် တရားရုံးကိုယ်စား ဘိလစ်ဦးဆောင်းလွင်ဦး ၁၂/တမန(နိုင်)၀၂၉၅၃၁ က တာဝန်ယူ လက်မှတ်ရေးထိုးပေးပြီး မှတ်ပုံတင်စာချုပ် ချုပ်ပေးရန် အမိန့်ချမှတ်ပြီးဖြစ်၍ မြေပုံမြေရာဇဝင်ကူးယူခြင်းနှင့် မြေနှင့်အိမ် အရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းစသော ကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးနိုင်ပါရန် ဌာနသို့ အကြောင်းကြားသည့်စာ၊ ဘိလစ်ခန့်စာ၊ ဂရန် မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘိလစ်ဦးဆောင်းလွင်ဦးမှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ အထက(၅)၊ Grade-12 မှ မမေဇင်အောင်၏ ဖခင်အမည်မှန် မှာ ဦးမိုးဝင်းဦး ၈/မလန(နိုင်)၀၇၅၈၁၂ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်နေ ဦးတင်မျိုးအောင်-ဒေါ်ဇာခြည်ကျော် တို့၏ သား မောင်အောင်ဘုန်းခန့် Grade-6 အား မောင်အဂ္ဂညာဏ်ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်အဂ္ဂညာဏ်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် TLR/5548 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၅၆)ရပ်ကွက် ကျောက်စိမ်းမြတ်ရတနာ (၁)လမ်းအမှတ်(၂၈၉)နေ ဦးတင်လှ၏သမီး မစုနန္ဒာတင် ၁၂/ဒဂတ(နိုင်)၁၅၇၇၅၉ ၏ နိုင်ငံကူးလက်မှတ် (နံပါတ်-MJ 155518)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၂၇၈၉၈၈၇**

## အင်းစိန်မြို့နယ်၊ အင်းစိန်ဈေး၊ ဆိုင်ခန်းအမည်ပြောင်းလျှောက်ထားသည့် ဆိုင်ခန်းများစာရင်း

| စဉ် | ရုံ | ဆိုင် | မူလဆိုင်ခန်း အငှားချခြင်း ခံရသူအမည် | အမည်ပြောင်း လျှောက်ထားသူ၏ အမည် | မှတ်ပုံတင် အမှတ် | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ဂျီ-၁ | ၁၂၇ | ဦးထွန်းစိန် | ဒေါ်ကြည်ကြည်သန်း | ၁၂/အစန(နိုင်)၀၃၈၉၆၃ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂ | ဂျီ-၁ | ၁၄၇ | ဒေါ်အေးအေးသွယ် | ဦးမျိုးနိုင် | ၁၂/မဘန(နိုင်)၀၂၆၁၂၀ | ဆိုင်ခန်း (၃)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၃ | ဂျီ-၁ | ၁၄၈ | ဒေါ်အေးအေးသွယ် | ဦးမျိုးနိုင် | ၁၂/မဘန(နိုင်)၀၂၆၁၂၀ | |
| ၄ | ဂျီ-၁ | ၁၄၉ | ဒေါ်အေးအေးသွယ် | ဦးမျိုးနိုင် | ၁၂/မဘန(နိုင်)၀၂၆၁၂၀ | |
| ၅ | ဂျီ-၁ | ၁၅၁ | ဒေါ်လှလှမြင့် | ဒေါ်မိုးမိုးစံ | ၁၂/အစန(နိုင်)၀၇၈၅၄၆ | ဆိုင်ခန်း(၃)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၆ | ဂျီ-၁ | ၁၅၂ | ဒေါ်လှလှမြင့် | ဒေါ်မိုးမိုးစံ | ၁၂/အစန(နိုင်)၀၇၈၅၄၆ | |
| ၇ | ဂျီ-၂ | ၁၁ | ဦးသူဇော် | ဒေါ်အေးအေးမွန် | ၁၂/အစန(နိုင်)၀၀၁၆၀၁ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၈ | ဂျီ-၂ | ၃၂ | ဒေါ်ခင်ခင်မော် | ဒေါ်ခင်မာလွင် | ၁၂/အစန(နိုင်)၀၃၉၄၆၇ | ဆိုင်ခန်း(၃)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၉ | ဂျီ-၂ | ၁၄၃ | ဒေါ်ခင်ဝင်းကြည် | ဒေါ်ယုယုချိုဦး | ၁၂/အစန(နိုင်)၀၆၉၀၇၁ | ဆိုင်ခန်း(၃)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၀ | အိတ်ချ်-၁ မြေညီ | ၄၈ | ဒေါ်ပြုံးပြုံးခိုင် | ဒေါ်နိုနိုခိုင် | ၁၂/အစန(နိုင်)၂၄၉၀၅၈ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၁ | အိုး | ၁၅၈ | ဦးတင်သန်း | ဒေါ်နန်းသီတာဦး | ၁၂/အစန(နိုင်)၁၆၂၅၅၈ | ဆိုင်ခန်း(၅)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၂ | အိုး | ၃၃၃ | ဒေါ်မိုးမိုးထွန်း | ဒေါ်ဇာဇာဝင်း | ၃/မဝတ(နိုင်)၀၃၁၃၄၈ | ဆိုင်ခန်း(၂)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၃ | အိုး | ၃၄၈ | ဦးစိုးမြတ်မင်း | ဒေါ်ဇာဇာဝင်း | ၃/မဝတ(နိုင်)၀၃၁၃၄၈ | |
| ၁၄ | အိုး | ၄၀၁ | ဦးလှထွေး | ဒေါ်ချောစုဝင်း | ၁၂/အစန(နိုင်)၂၃၉၅၂၃ | ဆိုင်ခန်း(၅)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၅ | အိုး | ၄၀၂ | ဒေါ်စန်းရီ | ဒေါ်ချောစုဝင်း | ၁၂/အစန(နိုင်)၂၃၉၅၂၃ | |
| ၁၆ | ဒီ | ၃၀ | ဒေါ်လှလှမြင့် | ဒေါ်ခင်ယုလွင် | ၁၂/အစန(နိုင်၁၆၀၄၃၉ | ဆိုင်ခန်း(၂)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၇ | ဒီ | ၇၉ | ဦးဝင်းဇေ | ဦးမာမတ်ဂျလား | ၁၂/လယန(နိုင်)၀၀၂၆၈၂ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၈ | ၂ | ၈၁ | ဒေါ်အေးအေးမေ | ဒေါ်မေသူခိုင် | ၁၂/အစန(နိုင်)၁၈၂၇၉၁ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၁၉ | အေ-မြေညီ | ၁၇ | ဦးတင်သန်း | ဒေါ်မြတ်သဇင် | ၁၂/အစန(နိုင်)၁၉၇၂၂၄ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂၀ | ဘီ-မြေညီ | ၁ | ဒေါ်စကားဝါထွန်း | ဒေါ်ထက်ထက်ဝေ | ၁၂/အစန(နိုင်)၂၃၆၃၈၆ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂၁ | ဘီ-မြေညီ | ၂၆ | ဒေါ်တင်ရွှေ+ ဒေါ်မြင့်လေးမေ | ဒေါ်မာမာခိုင် | ၁၄/မအပ(နိုင်)၁၉၄၃၄၁ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂၂ | ဘီ-မြေညီ | ၃၉ | ဒေါ်မြင့်လေးဆွေ | ဒေါ်အိမာ | ၁၂/အစန(နိုင်)၂၅၃၈၄၂ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂၃ | စီ-မြေညီ | ၁၈ | ဒေါ်ဖိတ်လွမ်း | ဒေါ်စန်းစန်းမိုး | ၁၂/ဗဟန(နိုင်(၀၅၀၃၃၈ | ဆိုင်ခန်း(၃)ခန်းသာ ပိုင်ဆိုင်ပါသည်။ |
| ၂၄ | စီ-မြေညီ | ၂၃ | ဒေါ်ဘီလွမ်း | ဒေါ်စန်းစန်းမိုး | ၁၂/ဗဟန(နိုင်)၀၅၀၃၃၈ | |
| ၂၅ | စီ-မြေညီ | ၅၈ | ဒေါ်ဖိတ်လွမ်း | ဒေါ်စန်းစန်းမိုး | ၁၂/ဗဟန(နိုင်)၀၅၀၃၃၈ | |
| ၂၆ | စီ-မြေညီ | ၆၅ | ဦးတင်အောင် | ဒေါ်မင်းမင်းခိုင် | ၁၂/အစန(နိုင်)၀၀၃၀၇၀ | ဆိုင်ခန်း(၁)ခန်းသာ ပိုင်ဆိုင်ပါသည်။ |

**ဈေးတာဝန်ခံ (၀၉-၇၉၅၁၅၂၅၁၈) အင်းစိန်ဈေး၊ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန။**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 77W/57867 TVS 110 ယာဉ်လက်ဝယ်ရှိသူ Moon Princess Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး**

**(မင်းဘူး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/72711 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၁၄/မအန(နိုင်) ၁၈၁၂၈၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**

**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/မြဝတီ)၊ ဦးပိုင် အမှတ် (၁၆၅)၊ ဧရိယာ ၀ ဒသမ ၁၀၇ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၀၄၆ ဧကအား ဦးနေမျိုးဝင်း(ဘ)ဦးဝင်းမောင် ၉/ တကန(နိုင်) ၀၀၀၅၅၆ နှင့် ဒေါ်နီလာ(ဘ)ဦးကိုလေး ၉/တကန(နိုင်)၀၀၀၃၀၉ တို့မှ တပ်ကုန်းမြို့နယ်မြေ စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၅၇၀/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေ တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် (၁၂၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအား ဒေါ်စန္ဒာခင် (ဘ)ဦးမြတ်စံ ၁၂/သကတ(နိုင်)၁၅၀၈၀၇ မှ တပ်ကုန်းမြို့နယ် မြေစာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၅၄၅/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီးဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက် ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/မင်းခေါင်၊ ဦးပိုင်အမှတ် (၁၂၆)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၀၅၅ ဧကအား ဒေါ်မြင့်မြင့်မော်(ဘ)ဦးအေးသောင်း ၉/ညဥန(နိုင်) ၁၁၇၃၆၂ မှ တပ်ကုန်းမြို့နယ်မြေစာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၃၅၄၄/၂၀၂၄)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီးဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့် အညီ ဦးပိုင်ခွဲမြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ဒေါ်စန္ဒာမြင့် ၁၂/တမန(နိုင်)၀၅၆၀၄၄ တို့၏သား မောင်ညီညီလွင် ၁၂/တမန(နိုင်)၁၃၁၅၇၈ သည် မိဘတို့၏ ဆုံးမသြဝါဒများကိုမနာခံဘဲ မိမိသဘောအတိုင်း ပြုမူသွားပါသဖြင့် အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ပြဿနာအရှုပ်အရှင်း၊ ကိစ္စအဝဝကို ကျွန်မမိသားစုနှင့် သက်ဆိုင်ခြင်း မရှိတော့ပါကြောင်းနှင့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူ ဖြေရှင်း ပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင် ဒေါ်စန္ဒာမြင့်**

**၁၂/တမန(နိုင်)၀၅၆၀၄၄**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူနှင့် ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 14U/5507 Dayang 200 , 3Wheel (3x2) ယာဉ်လက်ဝယ်ရှိသူ Shwe Yati San Co.,Ltd မှ ကမ-၃ မိတ္တူနှင့် ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်း ရပ်ကွက် အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၇၉၀)၊ ဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ ဒေါ်ရှောက်သုံး (ဘ)ဦးချင်ချောက်ချင် ၁၃/တကန(နိုင်)၁၄၉၂၀၀ အမည်ပေါက် နှစ်(၃၀)မြေငှား စာချုပ်မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်မြသန္တာ (ဘ)ဦးအောင်ဖြိုး ၉/မထလ(နိုင်)၂၁၄၀၈၃ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေ ဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံ ကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာ လိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ ပုဗ္ဗသီရိအနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၁၉၂၆)ကို အမည်ပေါက် ဒေါ်မိုးမိုးခိုင် (ဘ) ဦးမြင့်စိုး ၁၂/ဒဂန(နိုင်)၀၁၈၉၆၄(တရားရှုံး)ကိုယ်စား ပုဗ္ဗသီရိ မြို့နယ် တရားရုံး၏ ဘိလစ်စာရေး ဦးကျော်ဆန်းဦး (ဘ)ဦးသံချောင်း ၉/တကန(နိုင်) ၁၀၃၉၂၄ မှမြေငှားစာချုပ်တွင်လက်ဗွေနှိပ်၊ လက်မှတ်ရေးထိုးထုတ်ယူခွင့်ပြုပါရန် ပုဗ္ဗသီရိမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်၂၀/၂၀၂၄၊ တရားမဇာရီမှုအမှတ် ၆၈/၂၀၂၄၊ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊ မြေပေးစလစ် (မူရင်း)၊ လူနေအိမ် ဆောက်လုပ်ပြီးစီးကြောင်းထောက်ခံစာ၊ မြေကွက်ဖိုးသွင်းချလန်၊ မြေပြင်အခြေ အနေပြဓာတ်ပုံတို့တင်ပြ၍လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဒေဝဒဟ (၁၀)လမ်း၊ အမှတ်(၈၄၄-က)၊ နေအိမ်နှင့် ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ်(၈၆၉-ခ)နေအိမ်တို့အားဒေါ်တင်တင်နုတစ်ဦးတည်းတရားဝင် ပိုင်ဆိုင်ထားပြီး အဆိုပါနေအိမ်တို့၏ ဂရန်မူရင်း၊ GP မူရင်းများ ပျောက်ဆုံးသွားပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်နု ခွင့်ပြုချက်မရဘဲ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ အမည်ပြောင်း လျှောက်ထား ခြင်းများကိုလုံးဝ(လုံးဝ)မပြုလုပ်ပါရန်နှင့်ပြုလုပ်ခဲ့ပါက တည်ဆဲ ဥပဒေ အရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်နု၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မေမျိုးနိုင်**

**(အထက်တန်းရှေ့နေ)စဉ်-၄၃၁၉၈**

**ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၅-စီဂျီ၊ မြေကွက်အမှတ်၆၇၆၊ အကျယ်အဝန်း ပေ(၂၀ x ၄၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ မင်းကြီးလမ်း၊ အမှတ်၅ပေါ်ရှိ ဆောက်လုပ်ထားသော ၆ထပ်တိုက် အဆောက် အအုံရှိ ၄ လွှာ၊ အခန်းအကျယ်အဝန်း ပေ(၁၈ x ၃၈) အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိ ပြုသူ ဒေါ်ခင်ထားကြည် ၁၁/စတန(နိုင်)၀၂၇၃၄၄ ထံမှကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းဦး ၁၂/ဥကတ(နိုင်)၀၅၉၅၂၀ က အပြီးအပိုင်ဝယ်ယူရန်အရောင်း အဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်သည့်အတွက်ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာချုပ် စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီပြီးဆုံးတိုင်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းနွယ်(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၂၈)**

**အမှတ်(၉)၊ အရှေ့အာဇာနည်လမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၄၃၁၁၂၅၇၁၊ ၀၉-၇၉၉၉၁၀၄၃၀**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဧ/တရပ်ကွက်၊ သာခုအိမ်ရာနေ ဒေါ်ခင်သက်ချို ၁၂/မရက(နိုင်)၀၀၁၀၄၂ ၏ သမီးဖြစ်သူ မနေခြည်ထက် ၁၂/သဃက(နိုင်)၁၈၆၉၂၄ သည် မိဘကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သောကြောင့် မိဘများမှ သမီးအဖြစ်မှစွန့်လွှတ်ပြီး နေခြည်ထက်နှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်ယူ ဖြေရှင်းမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိခင် ဒေါ်ခင်သက်ချို**

**၁၂/မရက(နိုင်)၀၀၁၀၄၂**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅)**

**ဖြူးမြို့နယ်တရားရုံးတော်၌**

**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၄၄**

ဒေါ်သက်မွန်စိုး နှင့်
၁။ ဒေါ်ခင်မြစိန်
၂။ ဒေါ်ခင်လှစိန်
၃။ ဒေါ်တင်စန်း
၄။ ဒေါ်ခင်ဝင်းရီ
၅။ ဒေါ်ငယ်ငယ်ထွေး
၆။ ဒေါ်ကြွယ်ကြွယ်
၇။ ဦးခင်မောင်ဇော်
၈။ ဒေါ်တင်တင်ဦး
၉။ ဒေါ်တင်
၁၀။ ဦးညီညီအောင်
၁၁။ ဦးညီညီထွန်း
၁၂။ ဦးသန်းလွင်

(တရားလို) (တရားပြိုင်များ)

ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(ဃ)နေ (ဘ) ဦးသိန်းဟံ၏သမီး (၅) တရားပြိုင် ဒေါ်ငယ်ငယ်ထွေး၊ ကချင်ပြည်နယ်၊ မိုးညှင်းမြို့၊ အင်းတော်ကြီးဒေသ၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာနေ (ဘ) ဦးသိန်းဟံ၏သမီး (၆) တရားပြိုင် ဒေါ်ကြွယ်ကြွယ်၊ ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(ဃ)နေ (ဘ) ဦးသိန်းဟံ ၏သား (၇) တရားပြိုင် ဦးခင်မောင်ဇော်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ (၆၈/ကျောကပ်)(၁၂၀)လမ်းနေ (ဘ) ဦးသန်းမောင်၏သမီး (၈) တရားပြိုင် ဒေါ်တင်တင်ဦး၊ မိုးညှင်းခရိုင်၊ ဟိုပင်မြို့၊ မြဇေယျာရပ်ကွက်၊ နယ်မြေ(၄)၊ စက်ကုန်းရပ်နေ (၉)တရားပြိုင် ဒေါ်တင်၊ မန္တလေးမြို့ အနောက်မြို့သစ်၊ (က)ရပ်ကွက်၊ (၆၉/ပထမလမ်းသွယ်) နေ (ဘ) ဦးသန်းမောင်၏သား (၁၀) တရားပြိုင် ဦးညီညီအောင်၊ မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အနောက်မြို့သစ်၊ (က)ရပ်ကွက် (၆၉/ပထမလမ်းသွယ်)နေ (ဘ) ဦးသန်းမောင်၏သား (၁၁)တရားပြိုင် ဦးညီညီထွန်း၊ ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်၊ ဘူတာ(ဃ)နေ (၁၂) တရားပြိုင် ဦးသန်းလွင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သက်မွန်စိုးက "ရုံးတော်၏စီမံခန့်ခွဲမှုဖြင့် အမွေပုံပစ္စည်း ခွဲဝေပေးစေလိုမှု"ဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ မတ်လ ၄ ရက် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်း၊ စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့် ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဖြိုးဟန်ထွန်း)
မြို့နယ်တရားသူကြီး
ဖြူးမြို့နယ်တရားရုံး

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1W/63995

Honda C90 Custom ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာလင်း ၁၃/တကန(နိုင်)၁၄၇၆၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် SHN/33479

Honda MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဟေမာဝင်း ၉/လဝန(နိုင်) ၁၆၄၉၃၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိ တပ်ကြပ်စိန်မောင်(ကိုယ်ပိုင်အမှတ် ၅၂၂၄၇၉)၊ ၉/ပမန(နိုင်)၁၄၉၅၂၅(ဘ) ဦးမြမောင် အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၁၄၀ အမည်ပေါက်(ကွယ်လွန်)၏တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်ညွန့်ရှိန် ၉/ပမန(နိုင်)၀၀၃၂၇၃ (ဘ) ဦးပေါ်လာမှ တရားဝင် အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်စိန်မောင်သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ ရွှေတမာလမ်း၊ (ဘ) ဦးခင်မောင်မျိုးလွင် ၇/ရတန(နိုင်)၀၇၈၈၇၂၊ (အမိ)ဒေါ်နှင်းရီ ၇/ရတန (နိုင်)၁၄၆၂၇၀တို့၏ သမီး မဖွေးဖွေး ၇/ရတန(နိုင်)၁၅၆၂၆၁ သည် မိဘ နှစ်ပါးအား ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးခင်မောင်မျိုးလွင်-ဒေါ်နှင်းရီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၃/၁၊ မန်ခိန်ဆရာကထောင်တောင်)၊ ဦးပိုင်အမှတ်(၂၆)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မူလက ဦးတူးဂျာအမည်ဖြင့် ၂၂-၃-၂၀၁၆ ရက်အထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ဂရန်ရှင် ဦးတူးဂျာ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးညွန့်လွင်)က ၂၄-၅-၂၀၂၄ ရက်စွဲပါ စာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၂၇၁/၂၀၂၄)အရ ဦးကျော်စိုးလွင် ၁/မညန(နိုင်) ၁၄၀၃၆၄ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဦးကျော်စိုးလွင် အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမည်မှန်

မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်၊ နယ်မြေ(၂)၊ အမှတ်(၃၅)နေ Mr. BERNARD AMPAABENG KYEREMEH ဂါနာ(Ghana) နိုင်ငံကူးလက်မှတ်အမှတ်(A 0101262)၏သားများအမည်မှန်မှာ (1) BENJAMIN AMPAABENG KYEREMEH နှင့် (2) BLESSING AMPAABENG KYEREMEH တို့ ဖြစ်ပါသည်။

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ကချင်စုရပ်ကွက်၊ ကွင်းအမှတ် (၃၁)၊ ဦးပိုင်အမှတ် (၉၈/က-၁)၊ မြေဧရိယာ ၀ ဒသမ ၁၂၃ ဧကရှိ မြေကွက်သည် မူလက ဒေါ်ခင်မာချို အမည်ဖြင့် ၂၈-၂-၂၀၁၅ ရက်အထိ (၁၅)နှစ်မြေငှားဂရန် ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ခင်မာချိုက ၂၂-၁၁-၂၀၂၄ ရက်စွဲပါစာချုပ်စာတမ်း မှတ်ပုံတင်အမှတ်(၅၂၄/၂၀၂၄)အရ မူလဧရိယာ ၀ ဒသမ ၁၂၃ ဧကအနက်မှ တောင်ဘက်အခြမ်း ဧရိယာ ၀ ဒသမ ၀၆၄ ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးဟိန်းဇော်အောင် ၁/မကတ(နိုင်)၀၉၃၂၀၁ ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဟိန်းဇော်အောင် အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်နေ့မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ အကွက်အမှတ် (၁၆က/၃က)၊ ဦးပိုင်အမှတ် (၃၃)ရှိ မြေကွက်သည် ဦးသန်းထွန်းအမည်ဖြင့် အမှုတွဲအမှတ် ၄၁၄/V၁၉၈၉-၁၉၉၀ အရ ၃၀-၆-၁၉၉၉ ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပြီး ဂရန်ရှင် ဦးသန်းထွန်းက ၁၉-၈-၂၀၀၀ ရက်စွဲပါအိမ်ခြံမြေ အရောင်းအဝယ်စာချုပ်ဖြင့် ဒေါ်လွင်လွင်အောင်ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် မြေငှားဂရန်မိတ္တူမှန်အား ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ (တိုးချဲ့)၊ မြေကွက်အမှတ်(၁၈)၊ အကျယ်အဝန်း (အလျား $\frac{၇၉'}{၇၉'\ ၆"}$ x အနံ ၆၆' ၆")၊ ၀ ဒသမ ၁၂၁ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ၁၈၊ တပင်ရွှေထီးလမ်း၊ ၁၀(တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော RC နှစ်ထပ်နေအိမ်သည် ဦးချစ်မြိုင် ၉/စကတ(နိုင်)၀၁၃၉၆၀၀၊ ဒေါ်တင်တင် ၉/မထလ(နိုင်)၁၄၄၅၂၁ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယခုအခါ ဦးချစ်မြိုင် နှင့် ဒေါ်တင်တင်တို့၏ သမီးဖြစ်သူ ဒေါ်ခင်ခိုင်ခိုင်လှဲ့ ၉/မရမ(နိုင်)၀၀၀၁၆၄မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်သည့်အားလျော်စွာ ၎င်းမြေကွက်နှင့်နေအိမ်အား အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုဇင်ထက် ၁၂/တမန(နိုင်)၁၄၀၃၂၄မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေနှင့်အိမ် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထား၊ စာရွက်စာတမ်း(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထိပ်ထားဦး [LL.B(QII) WIPO (Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၂၆)**
**အမှတ်-၁၁၉၆၊ ဦးဟိန်စွန်းလမ်း၊ (၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၇၈၅၂၆၁၅၉၅**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၃၇၈)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်အား မြေငှားရန် (အမည်ပြောင်း) လျှောက်ထားနိုင်ရေး ဒေါ်နွယ်နီသန့် ၉/ပဥလ(နိုင်)၀၁၄၆၅၄ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ ဦးပိုင်အမှတ်(၂၂)၊ ဧရိယာ(တောင်မြောက် ၆၀ ပေ၊ အရှေ့အနောက် ၄၀ ပေ) အကျယ်အဝန်းရှိ မြေကွက်သည် ဦးအောင်မင်း အမည်ပေါက် ပိုင်ဆိုင်သော မြေကွက်ဖြစ်ပါသည်။ ယခုအခါ ဦးအောင်မင်းမှာ ကွယ်လွန်သွားပြီဖြစ်၍ ၎င်း၏ အမွေကိုဆက်ခံရရှိသူ တူ၊ တူမများဖြစ်ကြသည့် ဦးကြီးကြီး၊ ဦးငယ်ငယ်၊ ဦးကြွယ်ကြွယ်၊ ဦးနွယ်နွယ်၊ ဒေါ်ခင်သန်းအေးတို့သည် ဖော်ပြပါ ဦးပိုင်အမှတ်(၂၂) မြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရုံးဌာနအသီးသီးတို့တွင် အမွေဆက်ခံစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်း၊ အမည်ပြောင်း ဆက်လက်ဆောင်ရွက်ခြင်းများပြုလုပ်သွားမည် ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုစာရွက်စာတမ်းအပြည့်အစုံဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်နေ့ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ချိုအောင် LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၃၄)**
**ဖုန်း-၀၉-၂၅၉၁၁၆၇၀၉၊ ၀၉-၂၅၀၂၃၂၃၈**

## ရန်ကုန်တိုင်းဒေသကြီး၊လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ တောင်ငူလမ်း၊ မြေကွက်အမှတ် - သကမ ၁၄/ ၈၁၀(က)၊ ပေ(၂၀ x ၆၀ )ရှိ ဦးမြင့်လွင် အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်တို့အား အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါ အိမ်မြေနှင့်ပတ်သက်၍ မြေချပါမစ် အမည်ပေါက်သူထံမှ အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိ အကျိုးခံစားနေသော ဒေါ်ဘေဘီစန်း ၇/ဒဥန(နိုင်)၀၇၆၄၁၂ က ၎င်းသာအရှုပ်အရှင်းကင်းစွာ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းမှုကြောင့် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် အိမ်မြေနှင့် အကျိုးခံစားခွင့်တို့အား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် တရားဝင်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျန်ငွေများပေးချေ၍ အရောင်းအဝယ်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာ အပ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၄၃)**
**အမှတ်(၄၀)၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံ(တောင်ပိုင်း)၊ ရန်ကုန်မြို့**
**ဖုန်း-၀၉- ၄၅၀၀၂၀၂၇၄**

## သားအဖြစ်မှ စွန့်လွှတ်ခြင်း

ရပ်စောက်မြို့၊ မြို့ဦးရပ်ကွက်၊ နယ်မြေ(၆)နေ ဒေါ်နီလာလွင်(ခ)မငယ် ၁၃/ရစန(နိုင်)၀၄၆၀၄၃ ၏သား မောင်နေလင်းဖြိုး (ခ) ဖိုးသဲ ၁၃/ရစန(နိုင်) ၀၉၃၇၀၃သည် မိဘဆွေမျိုးတို့၏ ဆိုဆုံးမစကားကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှစွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်း သည်းခံပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)**

**ဒေါ်နီလာလွင် (ခ) မငယ်**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၂)ရပ်ကွက်၊ ခရေလမ်း၊ မြေကွက်အမှတ်(၉၈၇)ရှိ မြေအကျယ် ပေ(၄၀ x ၆၀)မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း ပေ(၂၀ x ၆၀) မြေကွက်အား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မိုးစန္ဒာ ၁၄/မမတ(နိုင်)၃၂၀၁၁၀ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကြည်သာဟန်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၈၉)**
**အမှတ်(၃၉၁)၊ တက္ကသိုလ်လာလမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သဇင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆/သမိုင်း )၊ မြေကွက်အမှတ် (၄၇/ဗ-၈B-၄-ခ) ဟုခေါ်တွင်သော မြေပိုင်မြေ(၃/ခ)ရပြီး ဧရိယာ ၀ ဒသမ ၀၇၈ ဧကတွင် ဦးအိုက်လင်း ၁၃/တကန(နိုင်) ၀၂၄၉၈၈ အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ပိုင်ဆိုင်သူဖြစ်သော ဦးအိုက်လင်း ၁၃/တကန(နိုင်)၀၂၄၉၈၈ မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းစွာဖြင့် ပိုင်ဆိုင်ကြောင်း ဝန်ခံရောင်းချသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးတင်ထွေးမြင့် ၁၂/ဗဟန(နိုင်)၀၁၉၈၇၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွေးမြင့် ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)** | **ဒေါ်မြတ်နိုးခင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)** | **အထက်တန်းရှေ့နေ စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)** |

**အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၉၇၂၃၀၉၈၉၂**

## ပတ်စ်ပို့ပျောက်

လှိုင်ကော်မြို့၊ ရှမ်းစုရပ်ကွက်နေ (ဘ) ဦးထွေးထွေးလေး ၏သမီး ဒေါ်စုမြတ်စန္ဒီ ၂/လကန(နိုင်)၀၆၉၅၄၅ ၏ နိုင်ငံကူးလက်မှတ် အမှတ် (M-791695)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၁၁၃၁၉**

## ပတ်စ်ပို့ပျောက်

ကျွန်တော် CHEIN NYIN ၁/ဝမန(ပြု)၀၀၀၄၀၆ ၏ ပတ်စ်ပို့နံပါတ် (ME-411597) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၆၅၅၅၆၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနန်ဂျာ ၁/ဗမန(နိုင်) ၁၀၆၈၅၀ ၏ ပတ်စ်ပို့နံပါတ် (MD-472469) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၃၇၉၁၂၅၇**

## အမည်မှန်

ဦးတူးရိန်၏ သား မြစ်ကြီးနားမြို့၊ အထက (၈)၊ Grade-10 မှ မောင်ဂွမ်ဂျဲလဒွဲ၏ အမည်မှန်မှာ မောင်ကွမ်ဂျဲလဒွဲ ဖြစ်ပါသည်။

## အမည်ပြောင်း

ဦးချစ်စနီး၏သား မြစ်ကြီးနားမြို့၊ အထက(၉)၊ Grade-3(C) မှ မောင်အောင်ဇေယျာကျော်အား မောင်ကောင်းပြည့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

## မွေးသက္ကရာဇ်အမှန်

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၊ အထက(၂)၊ မူဆယ်က (ဘ) ဦးတူးနန် ၁၃/ကခန(နိုင်)၁၁၇၉၅၃ သမီး မခေါ်နံစင်၏ မွေးသက္ကရာဇ်အမှန်မှာ ၉-၁၀-၂၀၀၆ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/25194

Canda 110 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဟိန်း ၁၄/ဇလန(နိုင်) ၁၁၅၉၄၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဟသ်္သာတ)**

## ဦးညီညီ
### အသက် (၉၀) နှစ်

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နေ (ဦးမောင်ကလေး-ဒေါ်ရွှေခင်)တို့၏သားငယ်၊ (ဦးထွန်းရှိန်-ဒေါ်ခင် မူ)တို့၏ညီ၊ (ဦးထွန်းအုံ့-ဒေါ်ကြင်စိန်)တို့၏သားသမက်၊ ဒေါ်စန်း၏ ချစ်လှစွာသောခင်ပွန်း၊ ဦးညီညီတင်-ဒေါ်မိုးမိုးအေး၊ ဦးညီညီလွင်-ဒေါ်ခင်စန်းလွင်၊ ဒေါ်စန္ဒာညီတို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရဲညီအောင် ၏ ချစ်လှစွာသော အဘိုး ဦးညီညီသည် ၆-၂-၂၀၂၅ရက် (ကြာသပတေးနေ့)၊ ညနေ (၆:၅၀)နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၈-၂-၂၀၂၅ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန် အခန်း ၁(က) မှ သယ်ယူပို့ဆောင်၍ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဗိုလ်မှူးကျင်လင်း(ငြိမ်း) DSA (11)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
### အသက်(၇၈) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၁၀၆)၊ ပထမထပ်၊ သစ္စာဥယျာဉ်အိမ်ရာနေ ဒေါ်သန်းသန်းညွန့်၏ခင်ပွန်း ဦးကျင်လင်းသည် ၇-၂-၂၀၂၅ရက် (သောကြာနေ့) နံနက် ၇:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၉-၂-၂၀၂၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။နေအိမ်မှ ကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာ သန်းသန်းနု
### အသက်(၇၄)နှစ်

သူငယ်ချင်း(ဒုဗိုလ်မှူးကြီး အောင်ကြည်ရှိန်-ငြိမ်း)၏ဇနီး ဒေါက်တာသန်းသန်းနု သည် ၆-၂-၂၀၂၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS ၄၅ မှ သူငယ်ချင်းများနှင့်**
**မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ(၀.၁၁၃)ဧက၊ မြေကွက်အမှတ်(ဥသ-၂၀၇၉)၊ ဒေါ်ညိုညိုဝင်း (ဘ)ဦးတင်မောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ညိုညိုဝင်း ၁၂/မရက(နိုင်)၀၈၃၉၇၅ (ဘ)ဦးတင်မောင်မှ ဒေါ်မိုးပွင့်ဖြူ ၉/ခအဇ(နိုင်)၀၂၅၅၆၇(ဘ) ဦးမိုးကျော်လွင်အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၆၁)၊ ကွင်းလမ်းအကွက်၊ ဦးပိုင်အမှတ်(၁၅၆)၊ မြေဧရိယာ (၀.၀၇၆) ဧကရှိ ဦးဘစိန်၊ ဒေါ်မမလေးအမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ ကမ်းနားလမ်း၊ အိမ်အမှတ် (၁၀၀)နေ ဒေါ်သိန်းသိန်းအေးမှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံး လုပ်နည်း၊ ဥပဒေအမိန့် ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1L/1361 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်
### အသက် (၉၆)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ မိခင်ကြီး ဒေါ်ကြည်ကြည် အသက် (၉၆)နှစ်သည် ၅-၂-၂၀၂၅ရက် (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **ဦးဆောင်ညွှန်ကြားရေးမှူးနှင့်**
**အရာထမ်း၊ အမှုထမ်းများ၊ မြန်မာ့စာတိုက်လုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ကိုဝေယံအောင် (MFOCN)
### အသက် (၃၄) နှစ်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးခင်မောင်သက်-ဒေါ်ကြည်ကြည်သန်းတို့၏သားကြီး ကိုဝေယံအောင် (MFOCN) အသက် (၃၄) နှစ်သည် ၃-၂-၂၀၂၅ရက် (တနင်္လာနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကြည်ကြည်
### အသက် (၉၆)နှစ်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်(ငြိမ်း) ဦးစိုးသိန်း-ဒေါ်ချိုချိုဝင်းတို့၏ မိခင်ကြီး ဒေါ်ကြည်ကြည် အသက် (၉၆) နှစ်သည် ၅-၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။ **အရာထမ်း၊ အမှုထမ်းများ**
**ITCSD ဌာန**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းလွင်၏သမီး မနော်အေးသီရိကျော် (၁၄/ဟသတ(နိုင်)၂၇၇၈၂၃)၏ နိုင်ငံကူးလက်မှတ်(နံပါတ် မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၉၅၃၇၈၉၇**

## ပတ်စ်ပို့ပျောက်

ကျွန်မ မနှင်းနှင်းဝေ ၁၂/ရပသ(နိုင်)၀၆၈၄၄၄ ၏ ပတ်စ်ပို့နံပါတ် (A-294673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၅၃၇၆၄၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၀၊ ဦးပိုင်အမှတ်(၈၃)၊ ၃၉ x ၄၀ လမ်းကြား၊ ၅၆ x ၅၇လမ်းကြားရှိ ဦးရဲမြင့် အမည်ပေါက် ဂရန်မြေကွက်အား အမည်ပေါက်သူ တစ်ဦးတည်းသော သားဖြစ်သူ ဦးရဲမြင့်(လူပျိုကြီးဘဝ)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၄၇၇/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော မိဘများဖြစ်ကြသည့် ဦးယွန်ရှီး၊ ဒေါ်ရွှင်ဖန်တို့က အမွေဆက်ခံခဲ့ပြီး ၎င်းတို့နှစ်ဦးအနက် ဦးယွန်ရှီးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၉၂၂/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ရွှင်ဖန် ၉/မရမ(နိုင်)၀၇၁၆၀၂ က အမှုတွဲအမှတ်(၆၃၇၁/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ် ညည-၃၊ ဦးပိုင်အမှတ်(၃)၊ ၆၀(A) x ၆၀(B)ကြား၊ မင်းရဲကျော်စွာ x မင်းကြီးရန်နောင်လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ တကခင်မောင်လေးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၄၃/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးရန်ထောင်ဖ ၁၃/ကမန(နိုင်)၀၅၆၇၄၀ က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၆၃၇၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၂၃)၊ ဦးပိုင်အမှတ်(၁၈)၊ ၅၆ x ၅၇ ကြား၊ သခင်ဖိုးလှကြီး x ယောမင်းကြီးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ဇနီးဖြစ်သူ ဒေါ်ခင်လှိုင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၆၅၃/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော ခင်ပွန်းဖြစ်သူ ဦးတိုးအေး ၉/မရတ(နိုင်)၀၂၇၉၀၄ က အမှုတွဲအမှတ်(၆၃၈၁/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအနောက်ရပ်ကွက်၊ နယ်မြေ(၈)၊ နတ်စင်လမ်း၊ အမှတ် (၅၁၃) မြေအကျယ် (၂၂ ပေx၈၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ် နေအိမ်၊ ယင်းနေအိမ်တွင် တပ်ဆင်ထားရှိသော လျှပ်စစ်မီတာ၊ ရေအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးဟန်ဇော်ထွန်း ၁၂/သဃက(နိုင်)၁၇၃၃၇၀နှင့် ဒေါ်ဝင်းဝင်းနု ၁၄/မအပ(နိုင်)၁၅၉၁၅၄တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်း စာရွက်စာတမ်းစုံလင်စွာဖြင့် ယခုကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အိအိစိုး (L.L.B)၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၀၁)**
**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၂၅၂၀၈၉၄၄၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အုပ်စု(၃)၊ ရန်ကြီးအောင်လမ်း၊အမှတ်(၉/၁၂၅)ဟုခေါ်တွင်သော အကျယ်အဝန်း (၁၉ပေx၄၃-၄၅ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်လှိုင် (၁၂/အစန(နိုင်) ၁၃၅၉၅၂) မှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း နောက်ဆုံးထားပြီး စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးရဲဝင့်နောင်(LL.B)၊**
**အထက်တန်းရှေ့နေ(စဉ်- ၄၁၀၂၇)**
**အမှတ်-၁၇၁၊ အမက(၇)ကျောင်းလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၅၀၇၁၄၃၁**

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ထန်းတောကြီးလမ်း၊ အမှတ်(၇၂၇)နေ ဦးကျော်မင်းနိုင်+ဒေါ်ဝေစန္ဒာဦးတို့၏သားများဖြစ်ကြသောမောင်ဟိန်း ထက်ဇော် ၇/ပခန(နိုင်) ၃၆၀၃၉၂ နှင့် မောင်ကျော်ဇင်ထွန်း ၇/ပခန(နိုင်) ၄၆၈၉၈၇ တို့သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ နေအိမ်မှ ၎င်းတို့၏သဘောဆန္ဒအလျောက် ထွက်သွားပါသဖြင့် ယနေ့မှစ၍ သားများအဖြစ်မှ အပြီးတိုင်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မင်းနိုင် + ဒေါ်ဝေစန္ဒာဦး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇စီ/၂)၊ စမ်းချောင်းလမ်း၊ မြေကွက်အမှတ်(၄၇)၊ တိုက်အမှတ်(၁၆) အကျယ်အဝန်း(၂၅၈၁-စတုရန်းပေ)ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၁)ခန်းတည်း (၆)ထပ်တိုက်အနက်မှ အခန်းအမှတ်-ပထမထပ် (ဒုတိယလွှာ) အကျယ်အဝန်း (၂၆ပေ× ၇၄ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကိုရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ငြိမ်းငြိမ်းအောင် (၁၂/စခန(နိုင်) ၀၀၇၂၃၀) ထံမှကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေ ထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါကကျွန်ုပ်တို့ထံသို့တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်ထားမူရင်းများဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးအောင်ကျော်လှိုင် LL.B, | ဒေါ်ဖြူဖြူခိုင် LL.B, |
| အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈) | အထက်တန်းရှေ့နေ(စဉ်-၅၁၉၇၈) |
| Ph- 09421746974 | Ph - 09896082687 |

## ပျောက်ဆုံးကြောင်း

နန်းခင်မိငယ် (ဘ) ဦးမောင်မောင်အေး ၁၃/သပန(နိုင်)၀၂၉၈၅၄ ၏ နိုင်ငံကူး လက်မှတ်အမှတ် MB 698131 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပါ။

**ဖုန်း - ၀၉-၆၉၆၆၃၉၅၂၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၉၁၈၀၇ Honda Scoopy 110 ယာဉ် လက်ဝယ်ရှိသူ ဦးအောင်မျိုးထွေး ၉/အမရ(နိုင်)၁၂၂၇၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၉၆၊ ဦးပိုင်အမှတ်(၇)၊ ၂၇ လမ်း၊ ၈၁x၈၂ လမ်းကြားရှိ ဦးဇော်မြင့်ထွန်း၊ ဦးမျိုးမင်းစိုးတို့ အမည်ပေါက်ဘိုးဘမြေကွက်အား ၎င်းတို့(၂)ဦးအနက် ဦးဇော်မြင့်ထွန်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၄၀၂၄/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးမျိုးမင်းစိုး ၉/ခအဇ(နိုင်)၀၀၃၈၅၇ က အမှုတွဲအမှတ်(၀၇၄၆/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၄)၊ ဦးပိုင်အမှတ်(၁၆၀)၊ ၆၅ လမ်း၊ ၁၁၁x၁၁၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ဇာထွေး၏(SP ရရှိသူ ဦးတွမ်ကွယ်ရှန်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၂၇၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးတင့်လွင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၉၈၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇင်မျိုးလှိုင် ၉/မကန(နိုင်)၁၃၈၀၁၇ က အမှုတွဲအမှတ်(၆၃၅၆/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2D/4560၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/28679, Honda Click -125, M/C ယာဉ်လက်ဝယ်ရှိသူ May Wadi Tun Co.,Ltd. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 65W/73263, Honda wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးမင်း ၁၄/ဟသတ(နိုင်)၂၀၁၁၉၇က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ဟင်္သာတ)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွေက ရရှိလာတဲ့ "အသိတရား"ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမယ့် "အရှိတရား"လည်း ဖြစ်တယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျင်းပသော (၇၉)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## ကျောက်မီးသွေးများ ပြည်ပမှ တင်သွင်းခွင့်ပြုမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်တွင်းရှိစက်ရုံများ၏ ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် ဘိလပ်မြေစက်ရုံများ စဉ်ဆက်မပြတ် ကုန်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော စက်မှုကုန်ကြမ်းဖြစ်သည့် ကျောက်မီးသွေးများအား ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီမှ စတင်၍ ပြည်ပမှ တင်သွင်းခွင့်ပြုပေးမည်ဖြစ်ကြောင်းနှင့်လိုအပ်သော ဘိလပ်မြေစက်ရုံများအနေဖြင့် သွင်းကုန်လိုင်စင်များ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဖေဖော်ဝါရီ ၇

၂၀၂၄ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၉ ရက် (တနင်္ဂနွေနေ့) ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC(I) ၌ ခမ်းနားထည်ဝါစွာ စီစဉ်ကျင်းပသွားမည် ဖြစ်သည်။ စာမျက်နှာ ၁၅ ကော်လံ ၁ ✻

## ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နှင့် ရှစ်တန်းသွား လူစီးကောက်စိုက်စက်များ MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ခင်းကျင်းပြသရောင်းချမည်

နေပြည်တော် ဖေဖော်ဝါရီ ၇

(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးပြခန်း၌ ခေတ်မီလယ်ယာသုံး စက်ကိရိယာများဖြစ်သည့် ခြောက်တန်းသွား လက်ဆွဲကောက်စိုက်စက်နှင့် ရှစ်တန်းသွား လူစီးကောက်စိုက်စက်များကို ခင်းကျင်းပြသရောင်းချမည်ဖြစ်ပြီး ပြပွဲမစတင်မီကပင် စိတ်ဝင်တစားလာရောက်ကြည့်ရှု လေ့လာသူ များပြားကြောင်း သိရသည်။

အဆိုပါ လက်ဆွဲကောက်စိုက်စက်များကို ပဲခူးစက်မှုနယ်မြေနှင့် ပြည်စက်မှုဇုန်နယ်မြေတို့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီးအတွင်းမှ လုပ်ငန်းရှင်များက စိုက်ပျိုးရေးကဏ္ဍအတွက် ခေတ်မီလယ်ယာသုံးစက်ကိရိယာအဖြစ် တီထွင်ထုတ်လုပ်ထားခြင်းဖြစ်သည်။

"ကျွန်တော်တို့ တိုင်းဒေသကြီးက တီထွင်ထုတ်လုပ်ထားတဲ့ လက်ဆွဲကောက်စိုက်စက်ရဲ့ အင်ဂျင်ပါဝါက မြင်းကောင်ရေ တစ်ကောင်ခွဲ ကနေ နှစ်ကောင်အားပဲ ရှိတဲ့အတွက် တစ်နာရီကို တစ်ဧက စိုက်ပျိုးနိုင်ပြီး စာမျက်နှာ ၁၅ ကော်လံ ၁ ◆



(၇၈) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးပြခန်း၌ ခေတ်မီလယ်ယာသုံး စက်ကိရိယာဖြစ်သည့် ကောက်စိုက်စက်ကို ခင်းကျင်းပြသထားစဉ်။

## ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား Junior အဆင့်နှင့် ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ကျင်းပပြီးစီး




ရန်ကုန် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Burmese Golf (BG) က အဓိကကူညီပံ့ပိုးသော ဥက္ကဋ္ဌဖလား (President Cup) ဂေါက်သီးရိုက်ပြိုင်ပွဲ၏ Junior အဆင့်နှင့်ဝါသနာရှင်အဆင့် အမျိုးသမီး (Amateur) ပြိုင်ပွဲနောက်ဆုံးနေ့နှင့် ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့ရှိ ဥက္ကလာဂေါက်ကွင်း၌ ယနေ့ကျင်းပရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက် အမှာစကား ပြောကြားသည်။

ထို့နောက် ဆုများကို အဖွဲ့ချုပ် တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးကျော်ကိုကိုချစ်က Junior အဆင့် အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၃၈၂ ချက်ဖြင့် တတိယဆုရရှိသော ကျော်လင်းထွန်း၊ စုစုပေါင်းရိုက်ချက် ၃၆၁ ချက်ဖြင့် စာမျက်နှာ ၁၅ ကော်လံ ၁ ○

**ယနေ့ သတင်းအညွှန်း**

**အခုလိုပြပွဲကျင်းပပေးတော့ တစ်နိုင်ငံလုံးက တစ်နေရာတည်းမှာ စုစည်းပြီး လုပ်ငန်းအတွက် လိုအပ်တာတွေ ဖလှယ်ခွင့်ရတယ်**
တွေ့ဆုံမေးမြန်း စာ ၁၃

**ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟာဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှု (ကျားဖြန့်) ဆောင်ရွက်နေသူများအား ဖော်ထုတ်ဖမ်းဆီးရမိ၊ လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ဆောင်ရွက်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်သွားမည်**
ပြည်တွင်းသတင်း စာ ၁၇